# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၇) ရက် ၊ ကြာသပတေးနေ့ ၊ (21-9-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်အတွင်းရှိ မတ်ပန်ကွင်း၌ အထွက်တိုးဆင်းရေကီ-၃ မျိုးစပါးစိုက်ကွင်းအတွင်း မြေသြဇာကြဲပက်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ သရုပ်ပြရှင်းလင်းတင်ပြမှုကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များအတွက် ဆန်၊ ဆီများ လှူဒါန်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ပူတာအို စက်တင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက်နံနက်ပိုင်းက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ နမ့်ထွမ်ချောင်းရေမှ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုကြသည်။

ထို့နောက် ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဟိုခိုကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်း၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

**ပန်းမော်-မန္တလေး-စဉ့်ကူး-ချောက် ရေလမ်းကြောင်း တစ်လျှောက်တွင် ရေကြောင်းအခြေအနေကို ကြည့်၍ ရေလမ်းညွှန် အမှတ်အသားများ စိုက်ထူမည်**

စာမျက်နှာ - ၂

**ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ - ၂၀






ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တစ်ဖက်တစ်လမ်းက ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများရှိ ဆေးရုံ၊ ဆေးခန်းများတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို သွားရောက်၍ ဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့ရပေသည်။

ထိုသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့အပြင် ဆေးဘက်ဆိုင်ရာ ဆေးဝါးကုသရေးဆိုင်ရာ အထောက်အကူပစ္စည်းများပါဝင်သည့် ရွေ့လျားဆေးကုသမှုယာဉ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရေလမ်းကြောင်းတစ်ခုတည်းသာ အားကိုးအားထားပြုပြီး သွားလာရသည့်နေရာများသို့လည်း သွားရောက်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၁၁ ရက်မှစ၍ နယ်လှည့်ဆေးကုသမှုဆောင်ရွက်နိုင်ရန် ထွက်ခွာလာခဲ့ပြီး ရွှေဘိုမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက်မှ အထွေထွေခွဲစိတ်လူနာနှင့် မျက်စိခွဲစိတ်လူနာတို့ကို ရွေ့လျားခွဲစိတ်ယာဉ်ဖြင့် ခွဲစိတ်ကုသမှုများ တစ်ထိုင်တည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ၊ **Ultrasound** ဖြင့် စမ်းသပ်စစ်ဆေးလူနာ၊ **ECG** စက်ဖြင့် နှလုံးစမ်းသပ်လူနာတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန်လိုအပ်သူများကို ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်းဆုံးကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် အချိန်ကုန်၊ ငွေကုန်သက်သာပြီး ရောဂါဝေဒနာများပျောက်ကင်းသည့်အတွက် ဒေသခံများက အထူးကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် နိုင်ငံသားများ ကိုယ်ရောစိတ်ပါကျန်းမာပြီး ပိုမိုကြံ့ခိုင်စေရန် တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးကို တတ်စွမ်းသည့်ပညာဖြင့် မေတ္တာစေတနာအပြည့်အဝထားကာ ပြုစုဆောင်ရွက်ပေးနေသည့် တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပါသည်။

# ပန်းမော်-မန္တလေး-စဉ့်ကူး-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် ရေကြောင်းအခြေအနေကိုကြည့်၍ ရေလမ်းညွှန်အမှတ်အသားများစိုက်ထူမည်



**မန္တလေး အောက်တိုဘာ ၂၀**

ဗန်းမော်-မန္တလေး-စဉ့်ကူး-ချောက်ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်လုပ်ငန်းများ ယာယီရပ်နားထားသော်လည်း ရေကြောင်းအခြေအနေကိုကြည့်၍ ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူပေးမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မေ ၁၇ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ စုစုပေါင်းရေလမ်းညွှန်အမှတ်အသား အခုရေ ၂၀၀ စိုက်ထူပြသပေးခဲ့ကြောင်း၊ ယခုလက်ရှိ ဧရာဝတီမြစ်ရေများချိန်ကာလဖြစ်သောကြောင့် ရေလမ်းညွှန်လုပ်ငန်းများကို ယာယီရပ်နားထားကြောင်း သိရသည်။

"အခု ရေများချိန်ဖြစ်တာကြောင့် ရေလမ်းညွှန်လုပ်ငန်းတွေ ယာယီရပ်နားထားပေမဲ့ ရေလမ်းကြောင်းအခြေအနေအရ ကုန်တင်သင်္ဘောတွေနဲ့ ခရီးသည်တင်သင်္ဘောတွေ အခက်အခဲဖြစ်နိုင်မဲ့နေရာတွေမှာတော့ အရေးပေါ်အနေနဲ့ ရေလမ်းညွှန်လုပ်ငန်းတွေကို လုပ်ဆောင်ပေးသွားမှာပါ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေမှာ အနည်းငယ် မြင့်တက်လာခြင်းကြောင့် မြစ်အတွင်း မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ကုန်တင်သင်္ဘောများနှင့် ခရီးသည်တင်သင်္ဘောများအဆင်ပြေစွာသွားလာနေသော်လည်း ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

ယခုအချိန်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြရန် လိုအပ်သောရေလမ်းညွှန် အမှတ်အသားများကို ပြသထားကြောင်း၊ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သောကြောင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကားလေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၇၀၀ မှ ၈၀၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"ပန်းမုန်လာက ပြင်ဦးလွင်ဒေသဘက်ကပဲ ထွက်ရှိပါတယ်။ ဈေးကောင်းပြီးတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ပြင်ဦးလွင်ဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ပန်းမုန်လာတွေ ဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ အောင်ပန်းဒေသကထွက်တဲ့ ပန်းမုန်လာတွေ အဝင်နည်းသွားပါပြီ။ ကျန်တဲ့ သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ကြက်သွန်နီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ပန်းမုန်လာများကို လက်ရှိတွင် ပြင်ဦးလွင်ဒေသတစ်ဝိုက်တွင် အဓိကထားစိုက်ပျိုးကြပြီး ကျန်ဒေသများမှ ထွက်ရှိမှုမရှိသေးကြောင်း၊ ပန်းမုန်လာသည် ဆယ့်နှစ်ရာသီထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၀**

မန္တလေးဈေးကွက်အတွင်း ပဲကြီးအရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲကြီးကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများကပါ ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထိုသို့ ပဲကြီးများအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲကြီးက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ပဲအမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲကြီးအရောင်းအဝယ်ကပြန်ပြီးကောင်းမွန်လာတယ်။ ကုန်သည်တွေအနေနဲ့လဲ အခုတစ်လော ပဲကြီးအဝယ်များလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း စက်တင်ဘာလ ပထမပတ်က ပဲကြီးဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၂၀ ရက်တွင် ပဲကြီးဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုတစ်လော မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအနေနဲ့ ပဲကြီးတွေကိုဝယ်ယူပြီး သိုလှောင်တာတွေရှိတယ်။ ပြီးတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်လာတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်ရှားပါးလာပြီး ဈေးကောင်းရလာတာဖြစ်ပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပုသိမ်ကြီးမြို့နယ် အင်ကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်ဆောင်ရွက်ခဲ့သည့် အင်ကျယ်ကျေးရွာ၌ Shwe Bank(Mo Money Digital Wallet)နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ပပအေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများမှ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်နည်းပညာသုံး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေရန်၊ အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးနှင့် ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေများ ထုတ်ချေးပေးရခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် Shwe Bank တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက Mobile Financial Payment စနစ်အသုံးပြုပြီး အင်ကျယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ်သိန်း ၂၉၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ်သိန်း ၁၇၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ်သိန်း ၂၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို ငွေကျပ်သိန်း ၄၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ မိစ္ဆတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ချမ်းသာကြီးဆန်လှူအသင်းက (၁၁)ကြိမ်မြောက် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀ နှင့် ၁၆ ပြည်ဝင်ဆန်အိတ် ၁၁ အိတ်လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ခင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ မိုးစပါး ၁၆၅၇၃၈ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ မိုးစပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါးတွေ စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို စပါးမစိုက်ခင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ခဲ့ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေးနည်းပညာတွေကို တောင်းခံထားလို့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အဆက်မပြတ်ဆောင်ရွက်ပေးနေပါတယ်။ တောင်သူနဲ့ဌာန တက်ညီလက်ညီဆောင်ရွက်ခဲ့လို့ မိုးစပါးတွေ စိုက်ပျိုးနိုင်ခဲ့ပါတယ်”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပေါ်ဆန်းမွှေး၊ဆင်းသုခ၊ မနောသုခ၊ ရောမင်း၊ ရောပဒေသာ၊ ထိုင်းဘေးကျားစသည့်စပါးမျိုးများကို အများဆုံး စိုက်ပျိုးထားကြောင်း ၎င်းက ဆက်လက် ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လားရှိုးမြို့နယ် ကောင်းကြဲ(အီ)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လားရှိုး စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းကြဲ(အီ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို စက်တင်ဘာ ၁၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့်တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကောင်းကြဲ(အီ)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လားရှိုးမြို့နယ် ကောင်းကြဲ(အီ)ကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၃ ဒသမ ၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ပြီးစီးပါက ကောင်းကြဲ(အီ)ကျေးရွာရှိ ဒေသခံများ၏ စိုက်ပျိုးမြေဧက ၅၀၀ ကျော်မှထွက်ရှိသည့်ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# စေတုတ္တရာမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း တာချဲ့ခြင်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငဖဲ-စေတုတ္တရာ မြို့နယ်ချင်းဆက်လမ်းမှ ကျောက်ဖူးကျေးရွာသို့ ဆက်သွယ်သော လမ်းတာချဲ့ခြင်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်နှင့် ဝန်ထမ်းများက ကျေးလက်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ငဖဲ-စေတုတ္တရာ မြို့နယ်ချင်းဆက်လမ်းမှ ကျောက်ဖူးကျေးရွာသို့ ဆက်သွယ်သော လမ်းတာချဲ့ခြင်းလုပ်ငန်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးဆောင်ရွက်ကြရန် မှာကြားသည်။

စေတုတ္တရာမြို့နယ် ကျောက်ဖူးကျေးရွာ၌ အရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်ပေရှိသော ငဖဲ-စေတုတ္တရာ မြို့နယ်ချင်းဆက်လမ်းမှ ကျောက်ဖူးကျေးရွာသို့ ဆက်သွယ်သောလမ်း တာချဲ့ခြင်းနှင့် အရှည် ၂၄ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိသော Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၂ ဒသမ ၈ သန်း အသုံးပြုပြီး U-42 Group ကုမ္ပဏီက ဩဂုတ် ၂၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ကျောက်ဖူးကျေးရှိ အိမ်ခြေ ၄၅ အိမ်၊ လူဦးရေ ၂၀၀ တို့ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးယုလွင်က ပြောပြ၍ သိရသည်။

**ကိုညို**



# ဇေတဝန်မဟာရာဇဝင်တော်ကြီးနှင့် ၆၅ ရက်ရာဇဝင် (၂)

**ပိုလ်ရှိတ်(ရတနာပူရ)**

**ရာဇဝင်နိဒါန်း**

သီပေါမင်းသည် သူ၏လက်ထက်ရေးသားခဲ့သော ရာဇဝင်တော်ကြီးကို မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးဟု ခေါ်တွင်စေခဲ့သည်။ မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးနိဒါန်းတွင် ရာဇဝင်ကျမ်းပြုစုရသည့်အကြောင်း၊ ပြုစုခိုင်းသည့်နှစ်၊ ပြုစုရေးအဖွဲ့ဝင်များအကြောင်းကို ပြည့်စုံစွာတွေ့ရသည်။ ပုရပိုက်မှာ ၁၂ ကြောင်းရေး ပုရပိုက်ဖြစ်၏။ ပုရပိုက်မူတွင်ပါရှိသည့် ရာဇဝင်နိဒါန်းကို မူရင်းသတ်ပုံအသုံးအနှုန်းအတိုင်း ဖော်ပြလိုက်ပါသည်။

၁။ ဇာတိပုည၊ ဂုဏမဟတ္တဖြစ်သော မြတ်သော ဘုန်းကျက်သရေအပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဝိဇ္ဇယိကပ်၏

၂။ အဦးအစ အာဒိစ္စဝံသ၊ ဥက္ကာဝံသ၊ မင်းမျိုးမှ အစည်သဖြင့် ဆင်းသက်သော ဇမ္ဗူဒီပါ ကျွန်းအပြင်နှိုက်၊ ထူမြတ်သော

၃။ ဘုန်းသမ္ဘာအာဏာတန်ခိုးနှင့်ပြည့်စုံတော်မူသော ဇနာဓိပတိ၊ ဘူမိပါလ၊ ဘူနာထ စသော ပညတ်အပေါင်းတို့ဖြင့်

၄။ ထင်ရှားသော၊ နေနတ်နွယ်လာ၊ မဟာဝင်ဇာတ်ဖြစ်သော၊ မင်းရိုးမင်းစည်တို့ကို ပြည့်နှံရာ၊ ရာဇဝံသဒီပကဖြစ်သော

၅။ ရာဇဝင်ကျမ်းကို၊ အစည်မပျက် ဆက်လက်ရေးသားရသည်ဖြစ်မှ၊ စေတီဂုကျောင်း စသော ရတနာသုံးပါးနှင့်

၆။ စပ်လျဉ်းသည်များကို ချီးမြှင့်ချက်ဆောင်ခြင်း စသော သာသနာတော်မြတ်အကျိုး၊ တိုင်းခရိုင် နိုင်ငံတော်အတွင်းထို

၇။ ထိုမင်းတို့၏ ဘုန်းတန်ခိုးကိုအမှီပြု၍ ခိုလှုံနေထိုင်ကြသော ပြည်သူပြည်သား အမျိုးလေးပါးတို့အား၊ ရင်နှိုက်ဖြစ်သော

၈။ သားကဲ့သို့ တားမြစ်စောင့်ရှောက်ခြင်း စသော၊ ရက္ခာဝရဏဂုတ္တိတရားကိုမှီသဖြင့် တိုင်းနေပြည်သူရှင်လူသတ္တဝါအပေါင်းတို့၏

၉။ အကျိုးစီးပွားဖြစ်ထွန်းရန် အကြောင်းများကို မပြတ်ချီးမြှင့်ချက်ဆောင်တော်မူကြသော ရှေးမင်းကောင်းမင်းမြတ်တို့၏

၁၀။ ရာဇတန္တိပဝေဏီ လက်သုံးဖြစ်သော ထုံးဥပဒေတို့သည်၊ နောင်လာမင်းတို့အား ချီးမွမ်းပြောပရာ ဥဒါန်းမော်ကွန်းဖြစ်သဖြင့်

၁၁။ ယုန်ရေးတံဆိပ်ကဲ့သို့ အမွန်ရှည်စွာတည်ထွန်းရန်အကြောင်းများကို မန္တလေးရတနာပုံ၊ မဟာရာဇဌာနီ

၁၂။ ရွှေပြည်တော်ကြီးကို ရာဇဘိသေက မုဒ္ဓါဘိသိက်ကို ခံယူ၍၊ ဒုတိယမြော်ဆက်ခံစိုးအုပ်တော်မူသော၊

၁။ ရေမြေအသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဘုရားသည်၊ အမြင်တထောင်ဆောင်သော

၂။ သိကြားနတ်မင်းနှင့်အတူ၊ ရွှေဉာဏ်တော်ဖြင့် သိမြင်တော်မူသည်ဖြစ်၍၊ ရတနာပူရစတုတ္ထမြို့တည်နန်းတည်

၃။ မဟာဝိဇ္ဇယရံသီစေတီတော်ကြီး ဒါယကာဘိုးတော်မင်းတရားလွှတ် အထူးထူးသော ရတနာအပေါင်းတို့ဖြင့်

၄။ တင့်တယ်ဆန်းကြယ်သော မှန်နန်းတော်ဦးနှိုက်၊ ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိ၊ ပုဏ္ဏားပညာရှိအပေါင်းတို့နှင့်

၅။ အသင့်ယုတ္တိရှိရာ၊ ညှိနှိုင်းတိုင်ပင်စီရင်ရေးသားတော်မူသော မှန်နန်းဒုတိယမဟာရာဇဝင်တော်ကို၊ ဆက်လက်

၆။ စီကုံးရေးသားစေ၊ သက္ကရာဇ် တထောင့်နှစ်ရာလေးဆဲ့ငါးခု၊ ဒုတိယဝါဆိုလဆန်း ခုနစ်ရက်နေ့၊ တန်ခိုးဘုန်းအား၊

၇။ သိကြားနတ်မြတ်တို့စံနေရာ၊ တာဝတိန်သာနတ်ပြည်နှိုက် ပေါ်ရောင်သောအလွန်မွေ့ကြူသင်းပျံ့သော၊ ကက္ကုရှ

၈။ နတ်ပန်းနှင့်တူသော၊ ဗျာဒိတ်တော်မြတ်ကို၊ ဦးထိပ်ထက်ဆင်ရွက်ရသည်အတိုင်း၊ စိန်မြ ပတ္တမြား စသော

၉။ အမွန်ရတနာအပေါင်းတို့ဖြင့်၊ တင့်တယ်

**❖ သီပေါမင်းလက်ထက် ရာဇဝင်ပြုစုရေးအဖွဲ့သည် မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးကို သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် (၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်)မှစတင်၍ရေးသားရာ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် (၁၈၇၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်)ထိသာ ရေးသားပြီးစီးခဲ့သည်။ ရာဇဝင်ပြုစုခဲ့သည့် ပမာဏမှာ မများလှပေ။ နှစ်လကျော်မျှသာဖြစ်သည်။ ရက်အားဖြင့် တွက်မည်ဆိုလျှင် ၆၅ ရက်အတွင်းဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ရေးသားထားသည့် ၆၅ ရက်ရာဇဝင်သာဖြစ်သည်။ ❖**

ဆန်းကြယ်သော မှန်နန်းတော်ဦးနှိုက်၊ လယ်ကိုင်းမြို့စား သွေ့တ်ဝန်ကြီး

၁၀။ သတိုးသုဓမ္မမဟာသက်တော်ရှည်၊ တောင်ခွင်မြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာမင်းထင်စည်သူ၊ သမီးတော်ဝန်

၁၁။ တိုင်တားမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာမင်းလှကျော်မင်းခေါင်၊ အတွင်းဝန် သမီးတော်ဝန်ပင်းမြို့စား

၁၂။ မင်းကြီးမင်းခေါင်မဟာ မင်းကျော်သူရိန်၊ အတွင်းဝန် လှေသင်းဝန် စလေမြို့စား မင်းကြီး သီရိမဟာဇေယကျော်ထင်

၁။ အတွင်းဝန် ရွှေတိုက်ဝန် ပေါ် မြိုင်မြို့စား မင်းကြီးမင်းလှ မဟာဇေယနန္ဒသကြံ။ အတွင်းဝန် ကျော့်မြောင်း။

၂။ မြို့စားမင်းကြီး မဟာသီရိနန္ဒကျော်ထင်။ အတွင်းဝန် အသျှင်နန်းမတော်မိဘုရားခေါင်ကြီး ဘုရားဝန် မိုင်းခိုင်းမြို့စား

၃။ မင်းကြီးမဟာသီရိဇေယသူ။ ဝန်ထော်ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူ။ သံတော်ဆင့် နေမျိုးမင်းထင်သိခ်သူ။

၄။ အမှာရေးငညို၊ မင်းခမ်းတိုက်စိုး နေမျိုးမင်းလှကျော်သူတို့ ဘုရားရွှေ လွှတ်တော်ကစ၍ ကြီးကြပ်ကြည့်ရှုစီကုံးရေးသားသည့်

၅။ မှန်နန်း ဒုတိယမဟာရာဇဝင်တော်ဘုရား။

အထက်ပါနိဒါန်းအရ သီပေါမင်းလက်ထက် ရာဇဝင်ပြုစုရေးအဖွဲ့ဝင်မှာ ၁၂ ဦးဖြစ်လေသည်။ ၁၂ ဦးတွင် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် ဦးယမ်သည် မင်းတုန်းမင်းလက်ထက် ဇေတဝန်မဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့ဝင် ငါးဦးတွင်ပါဝင်ခဲ့ရပြီး သီပေါမင်းလက်ထက် ရာဇဝင်ပြုစုရေးအဖွဲ့ဝင် ၁၂ ဦးတွင် ထပ်မံပါဝင်ခဲ့ရသည်။ မင်းတုန်းမင်းလက်ထက် ရာဇဝင်ပြုစုရေးအဖွဲ့မှ လူဟောင်းဟူ၍ ဦးယမ် တစ်ဦးသာပါ၏။

**၆၅ ရက် ရာဇဝင်**

သီပေါမင်းလက်ထက် ရာဇဝင်ပြုစုရေးအဖွဲ့သည် မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးကို သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် (၁၈၇၈ ခုနှစ် အောက်တိုဘာ ၁ ရက်)မှစတင်၍ရေးသားရာ သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် (၁၈၇၈ ခုနှစ် ဒီဇင်ဘာ ၄ ရက်)ထိသာ ရေးသားပြီးစီးခဲ့သည်။ ရာဇဝင်ပြုစုခဲ့သည့်ပမာဏမှာ မများလှပေ။ နှစ်လကျော်မျှသာဖြစ်သည်။ ရက်အားဖြင့် တွက်မည်ဆိုလျှင် ၆၅ ရက်အတွင်း ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ရေးသားထားသည့် ၆၅ ရက် ရာဇဝင်သာဖြစ်သည်။ ထို့ကြောင့်လည်း ဤရာဇဝင်မှာ အခြားရာဇဝင်များကဲ့သို့ ထင်ပေါ်ကျော်ကြားခြင်း မရှိဘဲ တိမ်မြုပ်နေခြင်းဖြစ်နိုင်သည်။ နောက်တစ်ချက်မှာလည်း ဤရာဇဝင်ကျမ်းရေးပြီး နှစ်နှစ်ခန့်အကြာ သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် တစ်နိုင်ငံလုံး ထီးကျိုးစည်ပေါက်ဖြစ်ကာ သူ့ကျွန်လက်အောက်သို့ ရောက်ရှိသွားခဲ့ခြင်းကြောင့်လည်း တိမ်မြုပ်ခြင်းဖြစ်နိုင်သည်။

**ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်းသို့**

ဤမှန်နန်းဒုတိယမဟာရာဇဝင်တော်ကိုလည်း ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို စုစည်းပြုစုခဲ့သူ ဦးမောင်မောင်တင်(K.S.M.A.T.M)က သူပြုစုခဲ့သော ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ထည့်သွင်းအသုံးပြုခဲ့ပြန်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတတိယတွဲတွင် ပါရှိသော "သားတော်ရတနာပုံရွှေမြို့တော်ကြီး ဒုတိယနန်းစံသားတော်မင်းတရားကြီးအကြောင်း"ဟူသော ခေါင်းစဉ်အောက်ရှိ အိမ်ရှေ့မင်း နန်းတက်ခြင်းအခန်းမှ မင်းသားများ သူကောင်းပြုခြင်းအခန်းထိသည် သီပေါမင်းလက်ထက်ရေး မှန်နန်းဒုတိယမဟာရာဇဝင်တော်ကြီးပင်ဖြစ်လေသည်။

**ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး**

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟူ၍ သုံးတွဲခွဲကာ ထုတ်ဝေထားသည်ကို မြင်ဖူးတွေ့ဖူးသူများကြသည်။ ထိုအတူ ရှားပါးစာအုပ်လည်းမဟုတ်တော့ပေ။ စာအုပ်ဆိုင်များတွင် အလွယ်တကူဝယ်ယူလေ့လာနိုင်သော စာအုပ်အဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ပြုစုသူ၏အမည်ကိုလည်း ကျက်သရေဆောင်ရွှေစလွယ်ရဝန်ထောက်မင်း ဦးမောင်မောင်တင်(၁)(K.S.M.A.T.M)ဟု တွေ့ရမည်ဖြစ်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို စုစည်းပြုစုခဲ့သူ ဦးမောင်မောင်တင်(၁)၏ ဘဝအကြောင်းကို မရေးသားတော့ပါ။ ဦးမောင်မောင်တင်(၁)၏အကြောင်းကို စာအုပ်စာတမ်းများတွင် အလွယ်တကူရှာဖွေတွေ့ရှိနိုင်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ၁၂၆၇ ခုနှစ်တွင် မန္တလေးတိုင်းသတင်းစာပုံနှိပ်တိုက်က ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့သည်။ တစ်အုပ်တည်းဖြစ်ပြီး စာမျက်နှာ ၁၇၀၀ ခန့်ပါသည်။ ဒုတိယအကြိမ်တွင် ဦးမောင်မောင်တင်(၁)ကိုယ်တိုင် ဖြည့်စွက်စီစဉ်ကာ သုံးတွဲခွဲ၍ မန္တလေးမြို့ ဟံသာဝတီပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၈၄ (၁၉၂၂)ခုနှစ်တွင်ထုတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးမှာ သုံးတွဲဖြစ်၍သွားသည်။ ထို့နောက်တွင်ကား ပုံနှိပ်တိုက်များက အကြိမ်ကြိမ်ရိုက်နှိပ်ကြတော့သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ဦးမောင်မောင်တင်(၁)ရေးခြင်းမဟုတ်ဟု ဝေဖန်မှုများရှိသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင်ပါဝင်သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်မှ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်သည်ထိသည် မှန်နန်းမဟာရာဇဝင်တော်ကြီးပင်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်မှ မင်းတုန်းမင်းလက်ထက် သက္ကရာဇ် ၁၂၁၆ ခုနှစ်ထိသည် ဇေတဝန်မဟာရာဇဝင်တော်ကြီးပင်ဖြစ်သည်။ သက္ကရာဇ် ၁၂၁၆ ခုနှစ်မှ ၁၂၄၇ ခုနှစ်ထိအပိုင်းသာ ဦးမောင်မောင်တင်(၁) ရေးသားခဲ့ခြင်းဖြစ်သည်။ ဦးမောင်မောင်တင် ရေးသားသည့်အပိုင်းတွင်ပင် သီပေါမင်းလက်ထက်က ရေးခဲ့သော မှန်နန်းဒုတိယမဟာရာဇဝင်တော်ကို ယူသုံးထားသည်ကို တွေ့ရသည်။ ထိုသို့ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇေတဝန်မဟာရာဇဝင်တော်ကြီးတို့ကို ထည့်သွင်းအသုံးပြုခဲ့သဖြင့် ထိုကဲ့သို့ ဝေဖန်မှုများရှိခဲ့ခြင်းဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ဦးမောင်မောင်တင်(၁)ရေးခဲ့သည့်အပိုင်းကို ရာပြည့်စာအုပ်တိုက်ထုတ် စာမျက်နှာဖွဲ့စည်းပုံနှင့် နှိုင်းယှဉ်၍ ပြပါဦးမည်။ ရာပြည့်စာအုပ်တိုက်ထုတ် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပထမတွဲတွင် စာမျက်နှာ ၄၀၃ မျက်နှာပါသည်။ ဒုတိယတွဲတွင် ၄၁၃ မျက်နှာပါသည်။ တတိယတွဲတွင် ၄၉၆ မျက်နှာပါသည်။ သုံးအုပ်ပေါင်း စာမျက်နှာပေါင်း ၁၃၁၂ မျက်နှာပါ၏။ စာမျက်နှာပေါင်း ၁၃၁၂ မျက်နှာတွင် စာမျက်နှာ ၃၆၀ သာ ဦးမောင်မောင်တင်(၁)ရေးခြင်းဖြစ်သည်။ ဦးမောင်မောင်တင်(၁)ရေးသည့်အပိုင်းတွင်ပင် သီပေါမင်းလက်ထက်ရေး မှန်နန်းဒုတိယမဟာရာဇဝင်တော်ပါနေသေး၏။ သို့သော် ဦးမောင်မောင်တင်(၁)ကို အပြစ်မြင်၍မရပါ။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် မှန်နန်းမဟာရာဇဝင်တော်ကြီးပါကြောင်း၊ ဇေတဝန်ရာဇဝင်တော်ကြီးပါကြောင်း သိသာစွာထည့်သွင်းထားခြင်းကြောင့်ဖြစ်ပါသည်။

## ဟုမ္မလင်းမြို့နယ် အောင်သာယာကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဟုမ္မလင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် အောင်သာယာကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်ယုမေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရာဇွေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က အောင်သာယာကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အောင်သာယာကျေးရွာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၆၀ ဒသမ ၂၄၄ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း အရှည်နှစ်မိုင်ပေါ်တွင် အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ မြေသားတင်ခြင်း၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မ ချင်းမြေခင်းခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ဟိုင်းနွှိုင်းမောက်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သက်မာ**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒ့ါအပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက ငှက်ပျောမျိုးစုံ အဖီး ၅၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ညောင်တုန်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငှက်ပျောမျိုးစုံ အဖီး ၅၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ညောင်တုန်းမြို့နယ်မှ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေပြီး ပြီးခဲ့သည့် ဇူလိုင်လက ငှက်ပျောမျိုးစုံ အဖီး ၃၁၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဩဂုတ်လအတွင်းက ငှက်ပျောမျိုးစုံ အဖီး ၅၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ဩဂုတ်လအတွင်းက ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ခွံနီ၊ ရွှေငှက်ပျောစသည့် ငှက်ပျောမျိုးများ အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငှက်ပျောမျိုးစုံ ရန်ကုန်ဘက်ကို တင်ပို့အား ကောင်းခဲ့ပါတယ်။ ပြည်တွင်းငှက်ပျောလိုအပ်ချက်ကလဲ များနေတယ်။ အခု ငှက်ပျောတင်ပို့အားကောင်းလာတော့ စိုက်တဲ့သူတွေအဖို့ အဆင်ပြေတာတွေ့ရပါတယ်။ ဒါပေမဲ့ အခု ပွဲရုံတွေဆီ ငှက်ပျော အဝင်နည်းနေပါတယ်။ ဒေသမှာ ငှက်ပျောစိုက်သူနည်းလာလို့ဖြစ်ပါတယ်။ ငှက်ပျောစိုက်တဲ့တောင်သူတွေက မိုးစပါးပြီးနွေစပါးတွေ၊ ဆောင်းသီးထပ်တွေ စိုက်ပျိုးလာလို့ ဖြစ်ပါတယ်။ အခု ငှက်ပျောသီးပေါက်ဈေးကလဲ ဒီနှစ်အဖို့ ငှက်ပျောစိုက်သူတွေအတွက် အဆင်ပြေတဲ့ဈေးဖြစ်ပါတယ်။ ငှက်ပျောက အခုလဲ အဝယ်လိုက်နေပါတယ်"ဟု ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်နွယ်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၊ ရခိုင်ငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၈၀၀၀၀၊ သီးမွှေးနှင့် ခွံနီငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၁၆၀၀၀၀ နှင့် ရွှေငှက်ပျော အဖီး ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ဈေးရှိကြောင်း ဒေါ်တင်တင်နွယ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မြန်မာ့အက

\- ကိုယ့်ရိုးရာ မြန်မာစစ်
သုံးဆစ်ချိုး ကနုတ်ဆန်၊
ခါးကော့ဟန် ရင်ချီကြွ
ဒူးကကွေးပြန်၊
ကြော့ကြော့မော့ ကဗျာဆန်
ကိုယ်ဟန်က ပေ့ါပါး၊
ဝန်းဝိုင်းသဏ္ဍာန် စံမူထား
"ခက်" "လက်" "တက်" "ညွန့်" လှုပ်ရှား
"ခေါင်း" "လက်" "ခြေ" "ခါး"။

\- လေးထောင့်နှင့် မျဉ်းဖြောင့်
ခပ်ထောင့်ထောင့် ပုံပမာ၊
အနောက်ရွာ အတုခိုး
ရှက်နိုးဖွယ်ရာ၊
ကာလသားကြိုက်မူရာ
မလှဲသာ ခပ်ကျဲကျဲ၊
တို့မြန်မာ တစ်မူကွဲ
အနောက်ဟန် မတူဘဲ
သိမ်မွေ့နက်နဲ။

\- ဖျတ်လတ်ကာ မြူးမြူးကြွ
ငြိမ့်ညောင်းလှ ပန်တျာဟန်၊
စည်းဝါးမှန် ဟန်မပျက်
သွက်လက်မြန်ဆန်၊
သုခုမ မြန်မာ့မူမှန်
ဆန့်ကျင်ဟန် မလိုလား၊
ပြေးလွှားကာ မဟားတရား
ပျာလောင်ခတ်လှုပ်ရှား၊
ဆတ်ကော့လတ်ကော့ "တင်" "ခါး"
ကြွန္တြေမထိပါးဖို့
ချင့်တွက်ရှောင်ရှား။ ။

**ကျော်စောဟန်**

(မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးတန်ဖိုးထားသော အကအနုပညာရှင်များကို ကြိုဆိုဂုဏ်ပြုလျက်)

# နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကုန်းသာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်သည့်ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်းသာကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ဝ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၇ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၆ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း ဦးစီးအရာရှိ ဒေါ်ခင်သက်ထံမှ သိရသည်။

**အေးမြတ်**

# အောင်လံမြို့နယ် ရွှေသူဌေးကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု စစ်ဆေး

**အောင်လံ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာပြင်းကျေးရွာအုပ်စု ရွှေသူဌေးကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇေယျက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာရေကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 5.5HP ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၁၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် အာသာဝတီကုမ္ပဏီက ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြူလေး**

# နိုင်ငံတကာ သတင်းများ

## လွှတ်တော်များ၌ အမတ်နေရာစုစုပေါင်း၏ သုံးပုံတစ်ပုံကို အမျိုးသမီးများအတွက်ထားရှိရေးဥပဒေကြမ်း ကွန်ဂရက်ပါတီထောက်ခံ



**ဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယအောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များမှ အမတ်နေရာစုစုပေါင်း၏ သုံးပုံတစ်ပုံကို အမျိုးသမီး အမတ်များအတွက် ထားရှိမည့်ဥပဒေကြမ်းကို အတိုက်အခံကွန်ဂရက်ပါတီက ထောက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းကိုကွန်ဂရက်ပါတီအနေဖြင့်အပြည့်အဝထောက်ခံမည်ဖြစ်ကြောင်း ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဥပဒေကြမ်းကို တတ်နိုင်သရွေ့အမြန်ဆုံးအကောင်အထည်ဖော်ရန် ကွန်ဂရက်ပါတီခေါင်းဆောင် ဆိုနီယာဂန္ဒီက အိန္ဒိယအစိုးရကို တိုက်တွန်းခဲ့သည်။

အောက်လွှတ်တော်နှင့်ပြည်နယ်လွှတ်တော်များရှိ အမတ်နေရာစုစုပေါင်း၏ သုံးပုံတစ်ပုံကို အမျိုးသမီး အမတ်များအတွက် ထားရှိရေးဥပဒေကြမ်းအား ဝန်ကြီးချုပ် မိုဒီဦးဆောင်သည့် လက်ရှိအိန္ဒိယအစိုးရက စက်တင်ဘာ ၁၉ ရက်တွင် လွှတ်တော်သို့တင်သွင်းထားသည်။

အဆိုပါဥပဒေကြမ်းကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေးအတွက် အိန္ဒိယအထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏အတည်ပြုချက်များနှင့်ပြည်နယ်လွှတ်တော်အများစု၏ ထောက်ခံမှုရရှိရန် လိုအပ်သည်။

၎င်းဥပဒေကြမ်းကို အိန္ဒိယနိုင်ငံရေးပါတီအားလုံးက ထောက်ခံကြိုဆိုထားသော်လည်း ယင်းဥပဒေကို အကောင်အထည်ဖော်ရေးသည် လူဦးရေစာရင်းပြုစုမှုနှင့် မဲဆန္ဒနယ်အားလုံး၏ နယ်စည်းများပြန်လည်ရေးဆွဲနိုင်မှုအပေါ် မူတည်ကြောင်း သိရသည်။

Ref : PTI
Trs : KKO

## ဖြိတိန်ဘုရင် ချားလ်-၃ သုံးရက်ကြာခရီးစဉ်အဖြစ် ပြင်သစ်နိုင်ငံသို့ ရောက်ရှိ

**ပဲရစ် စက်တင်ဘာ ၂၀**

ဗြိတိန်ဘုရင် ချားလ်-၃သည် သုံးရက်ကြာ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် ယနေ့တွင် ပြင်သစ်နိုင်ငံသို့ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံကြားဆက်ဆံရေးမကျေလည်မှုများကို အဆုံးသတ်၍ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုတည်ဆောက်နိုင်ရန် ချားလ်ဘုရင်နှင့် ပြင်သစ်သမ္မတတို့က မျှော်လင့်ထားသည်။

ပဲရစ်မြို့သို့ ရောက်ရှိလာသော ချားလ်ဘုရင်နှင့် ကြင်ယာတော် ကာမီလာတို့ကိုစစ်အောင်ပွဲအထိမ်းအမှတ် မုခ်ဦးကြိုဆိုပွဲအခမ်းအနား၌ ပြင်သစ်လေတပ် သရုပ်ပြလေယာဉ်များက သရုပ်ပြပျံသန်းမှုများဖြင့် ကြိုဆိုခဲ့ကြသည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် ချားလ်ဘုရင်နှင့် ကြင်ယာတော်တို့ကို ဗာဆိုင်းနန်းတော်၌ ယနေ့ညပိုင်းတွင် ညစာစားပွဲဖြင့် ဧည့်ခံရန်စီစဉ်ထားသည်။

အဆိုပါညစာစားပွဲသို့ ဗြိတိသျှရုပ်ရှင်သရုပ်ဆောင် ဟက်ဂရန့်၊ အာဆင်နယ်အသင်းနည်းပြဟောင်း အာဆင်ဝင်းဂါးနှင့် ပြင်သစ်ဘောလုံးသမား ဒီဒီယာဒရော့ဘာတို့လည်း တက်ရောက်မည်ဖြစ်သည်။

ချားလ်ဘုရင်-၃ ၏ ပြင်သစ်ခရီးစဉ်သည် ဥရောပသမဂ္ဂမှဗြိတိန်နုတ်ထွက်ခဲ့ပြီးနောက်ပိုင်း မကျေမလည်ဖြစ်ခဲ့ရသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : La Monde
Trs : KKO



## ရွှေ့ပြောင်းဝင်ရောက်သူများ သေဆုံးမှုကြောင့် ကုန်တင်ရထားများပြေးဆွဲမှု မက္ကဆီကိုယာယီရပ်ဆိုင်း

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၀**

အမေရိကန်နိုင်ငံသို့ သွားရောက်ရန် လိုက်ပါစီးနင်းခဲ့ကြသည့် ရွှေ့ပြောင်းဝင်ရောက်သူများ သေဆုံးမှု၊ ဒဏ်ရာရမှုများ ရှိနေခြင်းကြောင့် မက္ကဆီကိုနိုင်ငံ၏ အကြီးဆုံးမီးရထားကုမ္ပဏီသည် ကုန်တင်ရထားအစင်း ၆၀ ပြေးဆွဲမှုကို စက်တင်ဘာ ၁၉ ရက်မှစ၍ ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်များအတွင်း ကုမ္ပဏီပိုင် ကုန်တင်ရထားတွဲများဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာနေကြသည့် ရွှေ့ပြောင်းဝင်ရောက်သူများ ရထားမတော်တဆမှုများကြောင့် သေဆုံးမှု၊ဒဏ်ရာရမှုများရှိခဲ့ပြီးနောက် တွဲအရေအတွက် ၁၈၀၀ရှိသော ကုန်တင်ရထားပေါင်းအစင်း ၆၀ ပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားကြောင်း ဖာရိုမက်စ်ရထားကုမ္ပဏီက ကြေညာထားသည်။

ဘေးအန္တရာယ် အလွန်များသည့်တိုင် အချို့သောရွှေ့ပြောင်းဝင်ရောက်သူများသည် ရွေ့လျားနေသည့် ကုန်တင်ရထားများ၌ ခိုတွယ်လိုက်ပါရန် ကြိုးစားနေကြကြောင်း ဖာရိုမက်စ်ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အတူ ပြီးခဲ့သည့်ရက်များအတွင်း ကုန်တင်ရထားများဖြင့် လိုက်ပါရန်ကြိုးစားသည့် ရွှေ့ပြောင်းဝင်ရောက်သူများအရေအတွက်မှာ ပို၍မြင့်မားလာခဲ့ရာ မိမိတို့အနေဖြင့် ကုန်တင်ရထားများပြေးဆွဲမှုကို ယာယီရပ်ထားရန် ဆုံးဖြတ်ခဲ့ရကြောင်း ဖာရိုမက်စ်ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကုန်တင်ရထား ပြေးဆွဲမှုများ ရပ်နားထားရမှုကြောင့် ကုန်စည်စီးဆင်းမှုကွင်းဆက်နှင့် နိုင်ငံတကာကုန်သွယ်ရေးအထိုက်အလျောက် ထိခိုက်သွားနိုင်ကြောင်း ဖာရိုမက်စ်ကုမ္ပဏီက သတိပေးထားသည်။

၂၀၁၄ ခုနှစ်မှစ၍ ယနေ့အချိန်ထိ မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ရထားလမ်းကြောင်းအပါအဝင် လမ်းကြောင်းအမျိုးမျိုးဖြင့်သွားရောက်ရန် ကြိုးပမ်းခဲ့သော ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၈၂၀၀ ကျော် သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

Ref : AFP
Trs : KKO



## ကိုကင်း ၃ ဒသမ ၆ မက်ထရစ်တန် ဘရာဇီးရေတပ် သိမ်းဆည်းရမိ

**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၂၀**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါနမ်ဆူကိုပြည်နယ် ကမ်းရိုးတန်းကမ်းလွန်အတွင်း ခုတ်မောင်းနေသော ရေယာဉ်တစ်စီးပေါ်မှ ကိုကင်းမူးယစ်ဆေးဝါး ၃ ဒသမ ၆ မက်ထရစ်တန်ကို ဘရာဇီးရေတပ်က စက်တင်ဘာ ၁၉ ရက်တွင် သိမ်းယူရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် ရေယာဉ်ဝန်ထမ်း ငါးဦးနှင့်အတူ အာဖရိကတိုက်ဘက်သို့ ဦးတည်မောင်းနှင်နေစဉ် ဘရာဇီးရေတပ်က ကြားဖြတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေယာဉ်ပေါ်တွင် တွေ့ရှိဖမ်းဆီးနိုင်ခဲ့သော ကိုကင်းပမာဏမှာ ဘရာဇီးရေတပ်က ပင်လယ်ရေပြင်အတွင်း ဖမ်းဆီးသိမ်းယူခဲ့ဖူးသမျှ မူးယစ်ဆေးဝါးများအနက် ပမာဏအများဆုံးဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါရေယာဉ်ငယ်ကို ဘရာဇီးရေတပ်ဆွဲသင်္ဘောတစ်စီးက ရီဆစ်ဆိပ်ကမ်းသို့ ဆွဲယူသွားပြီဖြစ်ကြောင်း ဘရာဇီးရေတပ်က သတင်းထုတ်ပြန်ထားသည်။

ဘရာဇီးရေတပ်သည် ဘရာဇီးကမ်းရိုးတန်းများ တစ်လျှောက် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင်မှုများကို နှိမ်နင်းရေးအတွက်စစ်ဆင်ရေးများဆက်တိုက်ပြုလုပ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်မှစ၍ ဘရာဇီးရေတပ်သည် ကိုကင်း ၁၇ တန်၊ ဆေးခြောက် ၄ ဒသမ ၃ တန်နှင့် စီးကရက် ၆၉၅ တန်တို့ကိုသိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : CBS
Trs : KKO

## ကတ်တလန်အပါအဝင် လူနည်းစုဘာသာစကားသုံးမျိုး စပိန်လွှတ်တော်၌ လွှတ်တော်အမတ်များအသုံးပြုခွင့်ရရှိ

**မက်ဒရစ် စက်တင်ဘာ ၂၀**

စပိန်လွှတ်တော် အမတ်များအနေဖြင့် လွှတ်တော်အတွင်း ကတ်တလန်၊ ဘာစကေးနှင့် ဂါလီစီယန် ဘာသာစကားသုံးမျိုးကို ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁၉ ရက်တွင် အသုံးပြုခွင့်ရရှိခဲ့ကြောင်း သိရသည်။

စပိန်အောက်လွှတ်တော်သည် ကတ်တလန်ဒေသ ခွဲထွက်ရေးဝါဒီပါတီများ၏ တောင်းဆိုချက်အရ လွှတ်တော်တွင်း ဘာသာစကားသုံးစွဲမှုမူဝါဒကို ပြုပြင်ပြောင်းလဲပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စပိန်အစိုးရသည် ကတ်တလန်၊ ဘာစကေးနှင့် ဂါလီစီယန် ဘာသာစကားများကို ဥရောပသမဂ္ဂအဖွဲ့အတွင်း တရားဝင်သုံးစွဲနိုင်သော ဘာသာစကားများအဖြစ် သတ်မှတ်ရေးအတွက်လည်းကြိုးပမ်းလျက်ရှိသည်။

အမျိုးသားလွှတ်တော်၌ စပိန်ဘာသာစကားအပြင် အခြားဘာသာစကားများကိုပါ အသုံးပြုခွင့်ပေးရေးသည် စပိန်နိုင်ငံ၌ အချိန်အတန်ကြာ အငြင်းပွားခဲ့ရသည့် ပြဿနာဖြစ်ကြောင်း သိရသည်။

ယာယီစပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်အနေဖြင့် လက်ဝဲယိမ်းညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းရေးအတွက် အမျိုးသားရေးဝါဒီများ၊ ကာတာလိုနီးယားနှင့် ဘာစကေး ခွဲထွက်ရေးဝါဒီများ၏ ထောက်ခံမှုရယူရန် ကြိုးစားနေချိန်တွင် လူနည်းစု ဘာသာစကားများ လွှတ်တော်တွင်းအသုံးပြုခွင့်ကို စပိန်အောက်လွှတ်တော်က ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် စပိန်အောက်လွှတ်တော်၏ ဘာသာစကားမူဝါဒအပြောင်းအလဲကို ကွန်ဆာဗေးတစ်ဝါဒီများက ကန့်ကွက်ထားပြီး ဘာသာစကားသစ်များကြောင့် ဆွေးနွေးမှုများ ခက်ခဲလာနိုင်သည်ဟု ပြောကြားထားကြောင်း သိရသည်။

Ref : CNA
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က ဂျီဒစ်ဇ်ပဲလ်လစ်တောင်ဆွယ်တန်းပေါ်သို့ အောင်မြင်စွာရောက်ရှိခဲ့



**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အန္တရာယ်ကြီးသည့် ခရီးပန်းတိုင်တစ်ခုဖြစ်သော ဂျီဒစ်ဇ်ပဲလ်လစ်တောင်ဆွယ်တန်းပေါ်သို့ အောင်မြင်စွာရောက်ရှိခဲ့ကြောင်း နာဆာတာဝန်ရှိသူများက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ကျူရီယိုစီတီအာကာသယာဉ်သည် ၎င်းတောင်ဆွယ်ပေါ်သို့ ရောက်ရှိရေးအတွက် လေးကြိမ်ကြိုးပမ်းခဲ့ရာ ပထမဆုံးသုံးကြိမ်မှာ အောင်မြင်မှုမရှိခဲ့ဘဲ နောက်ဆုံးတစ်ကြိမ်မှသာ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျီဒစ်ဇ်ပဲလ်လစ် တောင်ဆွယ်တန်းကို လေ့လာခြင်းဖြင့် လွန်ခဲ့သောနှစ်ပေါင်း သုံးဘီလီယံခန့်က အင်္ဂါဂြိုဟ်၏အခြေအနေကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

ကျူရီယိုစီတီသည် မစ်ရှင်ကာလ အင်္ဂါဂြိုဟ်နေ့ပေါင်း ၃၉၂၃ ရက်အရောက်တွင် ၎င်းတောင်ဆွယ်တန်းပေါ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျူရီယိုစီတီသည် ဂျီဒစ်ဇ်ပဲလ်လစ် တောင်ဆွယ်ပေါ်သို့ ရောက်ရှိရေးအတွက် မြေပြင်အခက်အခဲတချို့ကို ဖြတ်ကျော်ခဲ့ရသည်။

ကျူရီယိုစီတီသည် အဆိုပါတောင်ဆွယ်တန်းပေါ်၌ ၁၄ ရက်ကြာလှည့်ပတ်၍ ဓာတ်ပုံပေါင်း ၁၃၆ ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

Ref : Space.com

Trs : KKO

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က စက်တင်ဘာ ၁၆ ရက်တွင် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၅၉ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ အင်ဂျီနျူတီရဟတ်ယာဉ်သည် စက်တင်ဘာ ၁၆ ရက်တွင် အင်္ဂါဂြိုဟ်လေထုလွှာအတွင်း ၅၉ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုပြုလုပ်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

၅၉ ကြိမ်မြောက် အင်္ဂါဂြိုဟ်ကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် ပျံသန်းတက်ရောက်နိုင်သည့် အမြင့်ပေစံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

၁၄၂ ဒသမ ၅၉ စက္ကန့်ကြာမြင့်ခဲ့သော အဆိုပါကင်းထောက်ပျံသန်းမှုအတွင်း အင်ဂျီနျူတီရဟတ်ယာဉ်သည် အမြင့်မီတာ ၂၀ အထက်တက်ရောက်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



အင်ဂျီနျူတီရဟတ်ယာဉ်သည် ၅၉ ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုအတွင်း ရေပြင်ညီမျဉ်းအတိုင်းပျံသန်းခြင်းမရှိခဲ့ဘဲ မြေပြင်အထက်သို့သာ အမြင့်ပေ စံချိန်တင်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အင်ဂျီနျူတီရဟတ်ယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်ဖြင့် အင်္ဂါဂြိုဟ် ဂျီဇီးရိုး ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်ခဲ့သည်။

မူလက စမ်းသပ်ယာဉ်အဖြစ်သာ ပုံစံထုတ်တည်ဆောက်ထားသည့် အင်ဂျီနျူတီသည် နောက်ပိုင်းတွင် ပါဆီးဗရင့်စ်၏ ကင်းထောက်ယာဉ်အဖြစ် တာဝန်ဆက်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Space.com

Trs : KKO

## အောစီးရစ်ရက်စ်အာကာသယာဉ်က ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ အရောက်ပြန်ပို့ပေးရေးအတွက် နောက်ဆုံးအကြိမ် ပျံသန်းရာလမ်းကြောင်းထိန်းညှိမှုပြုလုပ်ခဲ့

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ၏ အောစီးရစ်ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ကျောက်သားနမူနာများကို ကမ္ဘာပေါ်သို့ အရောက်ပြန်ပို့ပေးရေးအတွက် စက်တင်ဘာ ၁၇ ရက်တွင် နောက်ဆုံးအကြိမ် ပျံသန်းရာလမ်းကြောင်းထိန်းညှိမှုပြုလုပ်ခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါယာဉ်သည် စက်တင်ဘာ ၁၇ ရက်တွင် ဒုံးကန်အားစနစ်များကို ယာယီဖွင့်၍ ယာဉ်၏အလျင်ကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပျံသန်းရာလမ်းကြောင်းထိန်းညှိမှု ပြုလုပ်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်သည် စက်တင်ဘာ ၂၄ ရက်တွင် ဘန်နူးဂြိုဟ်သိမ်နမူနာကျောက်သားများထည့်သွင်းထားသည့် အလုံပိတ်သတ္တုဘူးကို ကမ္ဘာ့လေထုလွှာအတွင်း ပစ်လွှတ်ပေးမည်ဖြစ်သည်။

အောစီးရစ်ရက်စ်သည် စက်တင်ဘာ ၂၄ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၆၃၀၀၀ ခန့်အကွာမှ ဖြတ်သန်း၍ အဆိုပါအလုံပိတ်သတ္တုဘူးကို ကမ္ဘာ့လေထုလွှာအတွင်းသို့ ပစ်လွှတ်ပေးမည်ဖြစ်သည်။

စက်တင်ဘာ ၁၇ ရက်တွင် အောစီးရစ်ရက်စ် အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁ ဒသမ ၈ သန်းခန့်အကွာတွင် ရောက်ရှိနေပြီး တစ်နာရီလျှင် မိုင်ပေါင်း ၁၄၀၀၀ အမြန်နှုန်းဖြင့် ဦးတည်ပျံသန်းလျက်ရှိသည်။

အောစီးရစ်ရက်စ် အာကာသယာဉ်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် လွှတ်တင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ၎င်းအာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်မျက်နှာပြင်ပေါ်ရှိ ကျောက်သားနမူနာများကို ကောက်ယူခဲ့ကြောင်း သိရသည်။

Ref : Space.com

Trs : KKO

# HEALTH

## အရက်အလွန်အကျွံသောက်သုံးသူများ၌ နှလုံးပတ်ပတ်လည် အဆီများစုစည်းလာနိုင်

**နယူးယောက် စက်တင်ဘာ ၂၀**

အရက်သေစာ အလွန်အကျွံသောက်သုံးသူများ၌ နှလုံးပတ်ပတ်လည် အဆီများစုစည်းလာနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၁၉ ရက်တွင် သတိပေးလိုက်သည်။

Pericardial Fal ခေါ် နှလုံးပတ်ပတ်လည် အဆီစုစည်းမှုပြဿနာသည် နှလုံးရောဂါများဖြစ်နိုင်ခြေမြင့်တက်မှုနှင့် ဆက်စပ်နေကြောင်း အမေရိကန်နိုင်ငံ ဝိတ်ဖောရက်စ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အရက်အလွန်အကျွံသောက်သုံးမှုသည် အသည်းနှင့် ကျောက်ကပ်ပတ်ပတ်လည် အဆီအနည်ထိုင်မှုနှင့်လည်း ပတ်သက်နေကြောင်း အမေရိကန် သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရက်မသောက်သုံးသူများနှင့် အရက်သောက်သုံးမှုပုံစံအမျိုးမျိုးရှိသူ လူပေါင်း ၆၇၀၀ တို့၏ ကိုယ်တွင်းအင်္ဂါများပတ်ပတ်လည် အဆီစုစည်းမှုအဆင့်ကို တိုင်းတာလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အရက်အလွန်အကျွံသောက်သုံးသူများ၏ နှလုံးပတ်ပတ်လည် အဆီစုစည်းမှုနှုန်းသည် ပုံမှန်ထက် သိသိသာသာ မြင့်မားနေသည်ကို တွေ့ရှိရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အရက်အလွန်အကျွံသောက်သုံးသူများ၏ အသည်းနှင့် ကျောက်ကပ် ပတ်ပတ်လည်တွင်လည်း အဆီစုစည်းမှုနှုန်းမှာ ပုံမှန်ထက်ပိုမြင့်မားနေကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Health Day News

Trs : KKO

## ဒိန်ခဲပုံမှန်စားသုံးပါက Dementia ရောဂါဖြစ်နိုင်ခြေ လျှော့ချပေးနိုင်ဖွယ်ရှိ

**တိုကျို စက်တင်ဘာ ၂၀**

ဒိန်ခဲပုံမှန်စားသုံးပါက Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဂျပန်သုတေသနပညာရှင်များက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ဂျပန်သုတေသနပညာရှင်များသည် အသက် ၆၅ နှစ် အထက် လူပေါင်း ၁၅၀၀ ကျော်တို့၏ ကျန်းမာရေးနှင့် အစားအစာ ရွေးချယ်စားသုံးမှုပုံစံတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဒိန်ခဲ ပုံမှန်စားသုံးသူ သက်ကြီးပိုင်းများတွင် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် စမ်းသပ်မှုရလဒ်များ ပုံမှန်ထက်ပိုကောင်းနေတတ်သည်ကို တွေ့ရကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်ရလဒ်များအရ ဒိန်ခဲစားသုံးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်မည့် ဂုဏ်သတ္တိမျိုး ပိုင်ဆိုင်ထားနိုင်ကြောင်း၊ ဒိန်ခဲ၌ ဦးနှောက်လုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်မည့် အာဟာရဓြပ်ပေါင်းများ ပါဝင်နေနိုင်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ဦးနှောက်လုပ်ငန်းလည်ပတ်ပုံအပေါ် ဒိန်ခဲစားသုံးမှု၏ အကျိုးသက်ရောက်မှုကို အတည်ပြုနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း ဂျပန်သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

Ref : The Daily Mail


Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် ကစားသမားအဖြစ် လီဝမ်ဒေါစကီး မှတ်တမ်းဝင်







**ဘာစီလိုနာ အောက်တိုဘာ ၂၀**

ဘာစီလိုနာအသင်းက အန့်ဝပ်အသင်းကို ငါးဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်တွင် အသင်းအတွက် ဒုတိယမြောက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့် လီဝမ်ဒေါစကီးသည် သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လီဝမ်ဒေါစကီးသည် ယခင်က ပိုလန်ကလပ် လက်ပိုဇနန်အသင်းတွင် ကစားခဲ့စဉ်က သွင်းဂိုး ခြောက်ဂိုး၊ ဂျာမန်ကလပ် ဒေါ့မွန်အသင်းတွင်ကစားခဲ့စဉ်က သွင်းဂိုး ၁၇ ဂိုး၊ ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားခဲ့စဉ်က သွင်းဂိုး ၆၉ ဂိုးနှင့် လက်ရှိ ဘာစီလိုနာအသင်းတွင် ချန်ပီယံလိဂ်သွင်းဂိုး ခုနစ်ဂိုးထိ ရှိလာခဲ့ရာ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် ကစားသမားများမှာ မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့တွင် ကစားခဲ့သည့် တိုက်စစ်မှူး စီရော်နယ်ဒိုက သွင်းဂိုး ၁၄၅ ဂိုးဖြင့် ပထမနေရာတွင်လည်းကောင်း၊ ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် ကစားခဲ့သည့် တိုက်စစ်မှူးမက်ဆီက သွင်းဂိုး ၁၃၂ ဂိုးဖြင့် ဒုတိယနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိပြီး ယခုအခါ လီဝမ်ဒေါစကီးက သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် တတိယမြောက် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

အန့်ဝပ်အသင်းနှင့် ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို တိုက်စစ်မှူး ဂျာအိုဖီးလစ်က ပွဲချိန် ၁၁ မိနစ်နှင့် ၆၆ မိနစ်တွင်လည်းကောင်း၊ လီဝမ်ဒေါစကီးက ပွဲချိန် ၁၉ မိနစ်တွင်လည်းကောင်း၊ ပွဲချိန် ၂၂ မိနစ်တွင် အန့်ဝပ်ကစားသမား ဘာတီရယ်လီက ကိုယ့်ဂိုးကိုယ်သွင်းယူ၍ လည်းကောင်း၊ ပွဲချိန် ၅၄ မိနစ်တွင် ဂါဗီကလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် အုပ်စု(H) အမှတ်ပေးဇယားထိပ်တွင်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# ဂျာမနီဘောလုံးအဖွဲ့ချုပ်က နည်းပြနာဂျယ်စမန်းကို လက်ရွေးစင်အသင်းနည်းပြ ခန့်အပ်

**ဘာလင် အောက်တိုဘာ ၂၀**

ဂျာမနီအသင်းသည် စက်တင်ဘာ ၁၀ ရက်က ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ဂျပန်အသင်းကို အိမ်ကွင်းတွင် လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဖလစ်ကို ရာထူးမှထုတ်ပယ်ခဲ့ကာ ယခုအခါ နည်းပြနာဂျယ်စမန်းကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်ဟု ဂျာမနီဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ဂျာမနီဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများက နည်းပြနာဂျယ်စမန်းနှင့်ဆွေးနွေးခဲ့ရာတွင် တစ်လ လုပ်ခလစာ ယူရို ၄၀၀၀၀၀ ဖြင့် လာမည့် ၂၀၂၄ ခုနှစ်ကုန်ထိ တစ်နှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းအနေဖြင့် လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် အသင်းနှင့်သက်တမ်းတိုးစာချုပ်မချုပ်ဆိုခဲ့ပါက အခြားကလပ်အသင်း တစ်သင်းသင်းသို့ ပြောင်းရွှေ့နိုင်မည် ဖြစ်ကြောင်း သိရသည်။

နာဂျယ်စမန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် သဘောတူစာချုပ်တွင် ၂၀၂၆ ခုနှစ်ထိ ယူရို သန်း ၂၀ ဖြင့် စာချုပ်ချုပ်ဆိုထားသော်လည်း ယခုအခါစာချုပ်ဖျက်သိမ်း၍ ဂျာမနီအသင်း နည်းပြတာဝန်ထမ်းဆောင်ရမည်ဖြစ်သောကြောင့် ၎င်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းထံမှ လုပ်ခလစာ ယူရို ရှစ်သန်းဝန်းကျင်သာ ရရှိမည်ဖြစ်သည်။

အသက် ၃၆ နှစ်ရှိ နည်းပြနာဂျယ်စမန်းသည် ၂၀၁၆ ခုနှစ်က နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ဟော်ဖန်ဟိမ်းအသင်းကို တာဝန်ယူခဲ့ရာ အောင်မြင်မှုရရှိခဲ့သဖြင့် ၂၀၁၉ ခုနှစ်တွင် လိုက်ပ်ဇစ်အသင်းသို့ရောက်ရှိခဲ့ပြီး လိုက်ပ်ဇစ်အသင်းအား ဂျာမန်ပိုကယ်ဖလားရယူပေးခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းကခေါ်ယူခဲ့သော်လည်း ဖလားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန်ရုန်းကန်ခဲ့ရသောကြောင့် ပြီးခဲ့သည့်မတ်လက အသင်းမှထုတ်ပယ်ခဲ့ကြောင်း သိရသည်။

**Ref : Bild**

**Trs : ML**



# လာဇီယိုဂိုးသမား ပရိုဗီဒယ် ဥရောပပြိုင်ပွဲတွင် စတုတ္ထမြောက်ဂိုးသွင်းယူနိုင်သည့် ဂိုးသမားဖြစ်လာ

**ရောမ အောက်တိုဘာ ၂၀**

လာဇီယိုအသင်းနှင့် အေတီကိုအသင်းတို့ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် လာဇီယိုအသင်း ဂိုးသမားပရိုဗီဒယ်က အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဥရောပပြိုင်ပွဲသမိုင်းတွင် စတုတ္ထမြောက် ဂိုးသွင်းယူနိုင်သည့် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ဥရောပပြိုင်ပွဲ သမိုင်းတွင် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ယူအီးအက်ဖ်အေဖလားပြိုင်ပွဲတွင် ပါတီဇန်ဘဲလ်ဂရိတ် ဂိုးသမား အမ်မယ်လီယာ၊ ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးသမား ဆီနန်ဘိုလတ်နှင့် ၂၀၁၀ ပြည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးသမား အီနိုင်းအာမာတို့က အသင်းအတွက် ချေပဂိုးများသွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ် ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်တွင် လာဇီယိုဂိုးသမား ပရိုဗီဒယ်က အသင်းအတွက် ချေပဂိုးသွင်းယူ၍ ဥရောပပြိုင်ပွဲတွင်ဂိုးသွင်းယူနိုင်ခဲ့သည့် စတုတ္ထမြောက် ဂိုးသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် အဝေးကွင်းမှလာရောက်ကစားခဲ့သည့် အေတီကိုအသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နေသဖြင့် ပွဲကစားချိန်နာကျင်အချိန်ပို ငါးမိနစ်အရောက်တွင် ထောင့်ကန်ဘောအခွင့်အရေးရရှိခဲ့ရာ ဂိုးသမား ပရိုဗီဒယ်က ချေပဂိုးရရှိရန်အတွက် ကွင်းလယ်ကစားသမားအယ်ဘာတို၏ထောင့်ကန်ဘောကိုတက်ရောက်ခေါင်းတိုက်ခဲ့ရာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂိုးသမားပရိုဗီဒယ်သည် ၂၀၂၀ ပြည့်နှစ်က စီးရီးဘီကလပ် အက်စ်ကိုလီအသင်းနှင့်ပါဝင်ကစားခဲ့စဉ်က ပြိုင်ဘက်ဂျူဗီစတာဘီယာအသင်းကို ချေပဂိုးသွင်းယူ၍ အသင်းအား နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့သည့် မှတ်တမ်းကောင်းရှိခဲ့သည့်အပြင် ယခုအခါ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ကစားသမားဘဝတစ်လျှောက်တွင် သွင်းဂိုးနှစ်ဂိုးထိသွင်းယူနိုင်ခဲ့သည့်မှတ်တမ်းကောင်းတစ်ရပ်ကိုရရှိခဲ့ကြောင်း သိရသည်။

**Ref : Football-italia**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က လာမည့် ၂၀၂၄ ခုနှစ်တွင် တင်းနစ်လောကမှ အနားယူကာ ၎င်းအနေဖြင့် ရီးရဲလ်မက်ဒရစ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် ပစ်မှတ်ထားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်မတိုင်မီ ဘာနေဖြူးကွင်းပြင်ပ၌ ယူနီယံဘာလင်ပရိသတ်များနှင့်ရဲတပ်ဖွဲ့ကြား ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။
- ဟယ်ရီကိန်းကို ဘိုင်ယန်မြူးနစ်အသင်းသို့ ယူရို သန်း ၁၂၀ ဖြင့် ရောင်းချခဲ့သော်လည်း သဘောတူစာချုပ်တွင် ပြန်လည်ခေါ်ယူနိုင်သည့်အချက်ပါဝင်ခဲ့ကြောင်း စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းက ပြောကြားခဲ့သည်။

ML

# စပါးအသင်းအစိကတောင်ပံကစားသမား ပါရီဆစ် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် အနည်းဆုံးခြောက်လခန့်အနားယူရမည်

**လန်ဒန် အောက်တိုဘာ ၂၀**

စပါးအသင်းအစိက တောင်ပံကစားသမားပါရီဆစ်သည် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် အနည်းဆုံး ခြောက်လခန့်ထိ အနားယူရမည်ဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီ လက်ကျန်ပွဲစဉ်များ အားလုံးကို လွဲချော်ရဖွယ် ရှိနေကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ ပါရီဆစ်သည် နောက်ဆုံးကစားခဲ့သည့် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ခဲ့သော်လည်း အသင်းနှင့်လေ့ကျင့်ရေးအစီအစဉ်တွင် ပြင်းထန်သည့်ဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့သည့်အတွက် ကာလရှည်အနားယူရမည့် အရေးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ပါရီဆစ်သည် လက်ရှိနည်းပြ ပိုစတီကိုဂလူ လက်အောက်တွင်လည်း အစိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ငါးပွဲလုံး ပါဝင်ကစားခွင့် ရရှိထားကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ထားသူဖြစ်သည်။

ပါရီဆစ်၏ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားရမည်ဖြစ်ပြီး ခွဲစိတ်မှု ခံယူရမည့်အခြေအနေများကြောင့် အနည်းဆုံးခြောက်လခန့်ထိ အနားယူရဖွယ်ရှိနေပြီး လာမည့် ၂၀၂၄ ခုနှစ် မတ်လကုန်ပိုင်းမှသာ ပြန်လည်ကြံ့ခိုင်မှုပြည့်ဝဖွယ်ရှိနေကြောင်း သိရသည်။



**Ref : Football London**

**Trs : STA**

# ရှမ်းယူနိုက်တက်အသင်းနှင့် မာကာသာအသင်းတို့ကစားမည့် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၀**

အေအက်ဖ်စီဖလား ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားမည့် ရှမ်းယူနိုက်တက် အသင်းနှင့် ဩစတြေးလျကလပ် မာကာသာ အသင်းတို့ကစားမည့်ပွဲစဉ်အတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းရှိ သတင်းစာ ရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ရှမ်းယူနိုက်တက်အသင်းနည်းပြ ဦးဟန်ဝင်းအောင်၊ အသင်းခေါင်းဆောင် ဟိန်းသီဟဇော်၊ မာကာသာအသင်းနည်းပြ မိုင်လ်စတာရှော့စကီး၊အသင်းခေါင်းဆောင် ယူလစ်စီဒဗစ်လာနှင့် ဒေသတွင်း မီဒီယာများ တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုများကို နှစ်ဖက်အသင်း နည်းပြများနှင့် အသင်းခေါင်းဆောင်တို့က အသီးသီး ဖြေကြားခဲ့ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရှမ်းယူနိုက်တက်အသင်း နည်းပြ ဦးဟန်ဝင်းအောင်က "ရှမ်းယူနိုက်တက်အသင်းက မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးကန်တာဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားကစားသွားမှာပါ။ ရလဒ်ကောင်း အောင်လဲ အစွမ်းကုန်ကြိုးစားသွားမှာပါ။ အရင်နှစ်တွေကထက်လဲ အများကြီး ပြင်ဆင်ထားပါတယ်။ ပြိုင်ဘက်အသင်းက အသင်းကောင်းတစ်သင်းပါ။ ဥရောပလိဂ်တွေမှာကစားဖူးတဲ့ ကစားသမားတွေလဲပါပါတယ်"ဟု ပြောကြားခဲ့သည်။

အေအက်ဖ်စီဖလား ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် မာကာသာအသင်းတို့သည် စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ပခုံးဒဏ်ရာကြောင့် ခြောက်လအကြာ အနားယူရမည်ဖြစ်ကြောင်း ဒန်နီဝီလ်လက် ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၂၀**

Masters ဂေါက်သီးရိုက်ချန်ပီယံဟောင်း တစ်ဦးဖြစ်သူ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဒန်နီဝီလ်လက်သည် ပခုံးဒဏ်ရာကြောင့် ဆေးကုသမှုခံယူနေရပြီး လာမည့်ရက်သတ္တပတ်တွင် ပခုံးဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူသွားမည်ဖြစ်သည့်အတွက်ကြောင့် ခြောက်လခန့်ထိ အနားယူရတော့မည်ဖြစ်ကြောင်း ဒန်နီဝီလ်လက်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဒန်နီဝီလ်လက်သည် မကြာသေးမီကကျင်းပခဲ့သည့် BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကိုစကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် မဖြစ်မနေ ခွဲစိတ်ကုသမှုခံယူရန်လိုအပ်နေကြောင်း ဆရာဝန်က အကြံပြုခဲ့ခြင်းကြောင့် ခွဲစိတ်ကုသရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဒန်နီဝီလ်လက်က ပြောကြားခဲ့သည်။

ပခုံးဒဏ်ရာအားခွဲစိတ်ကုသမှုခံယူပြီးပါက ဒန်နီဝီလ်လက်အနေဖြင့် ယခုနှစ် ဂေါက်သီးရိုက်ရာသီကို နှုတ်ဆက်ရတော့မည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလတွင် ကျင်းပမည့် 2024 Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အစောဆုံးပြန်လည်ပါဝင်လာနိုင်တော့မည်ဖြစ်သည်။

ဒန်နီဝီလ်လက်သည် BMW PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမနေ့အပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယနေ့တွင် ပခုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရလဒ်များကျဆင်းခဲ့ရပြီး ပခုံးဒဏ်ရာဖြင့်ပင် ပြိုင်ပွဲပြီးဆုံးအောင် ကစားခဲ့ကြောင်း သိရသည်။

**Ref : RTE**
**Trs : AZL**

# စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ် ပွဲအဖြစ် ကန်နဲလိုအယ်ဟရက်ဇ်နှင့် ဂျာမောချာလိုတို့ပွဲစဉ်ကို တာဝန်ယူမည့်ဒိုင်စာရင်းထုတ်ပြန်




**လက်စ်ဗီးဂတ် စက်တင်ဘာ ၂၀**

စူပါမစ်ဒယ်ဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် စူပါမစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံ ကန်နဲလိုအယ်ဟရက်ဇ်နှင့် လိုက်မစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ ဂျာမောချာလိုတို့ စက်တင်ဘာ ၃၀ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ထိုးသတ်မည့်ပွဲစဉ်အတွက် တာဝန်ယူမည့် ဒိုင်အဖွဲ့စာရင်းကို နီဗားဒါး အားကစားကော်မရှင်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လက်ဝှေ့လောက၏ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်လာမည့် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အတွက် ဒိုင်အဖွဲ့ရွေးချယ်ရာတွင်လည်း အခက်အခဲများရှိနေပြီး စွမ်းဆောင်မှု အကောင်းဆုံးနှင့် သမာသမတ်အရှိဆုံး ဒိုင်အဖွဲ့ကို ရွေးချယ်ထားကြောင်း နီဗားဒါး အားကစားကော်မရှင်က ထုတ်ပြန်ခဲ့သည်။

နီဗားဒါးအားကစားကော်မရှင်က ရွေးချယ်လိုက်သော ကြိုးဝိုင်းဒိုင်နှင့် အမှတ်ပေးဒိုင်သုံးဦးစာရင်းတွင် လက်ဝှေ့လောက၏နာမည်ကြီးဒိုင်များပါဝင်လာသည်။

ကြိုးဝိုင်းဒိုင်အဖြစ် နယူးဂျာစီဒိုင်ဖြစ်သည့် ဟာဗေးဒေါ့ခ်ကို ရွေးချယ်ခဲ့ပြီး ဟာဗေးဒေါ့ခ်သည် လက်ဝှေ့လောက၏ အကောင်းဆုံးကြိုးဝိုင်းဒိုင်အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ယခုနှစ်အတွင်းနာမည်ကြီးပွဲစဉ်များဖြစ်သည့် ခရောဖို့ဒ်နှင့် အဲရိုလ်စပန့်တို့၏ပွဲစဉ်၊ ဒီဗင်ဟန်နေးနှင့် လိုမာချန်ကိုတို့၏ပွဲစဉ်ကို တာဝန်ယူထားသည့် ကြိုးဝိုင်းဒိုင်ဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးအဖြစ် ကယ်လီဖိုးနီးယားဒိုင် ဒီလူကာ၊ အော့ကလာဟိုးမားဒိုင် ဒေးဗစ်ဆက်တာလန်း၊ နယူးဂျာစီဒိုင် စတိဗ်ဝိုက်ဖယ်တို့ကို ရွေးချယ်ထားသည်ဟု နီဗားဒါးအားကစားကော်မရှင်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : CBS**
**Trs : AZL**

# Guadalajara Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အွန်ဂျပ်ဘာ တက်ရောက်

**ဂွါဒါလာဂျာရာ စက်တင်ဘာ ၂၀**

မက္ကဆီကိုနိုင်ငံ ဂွါဒါလာဂျာရာမြို့တွင်ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာက အမေရိကန်တင်းနစ်မယ်အလိုင်စီယာပက်ခ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အွန်ဂျပ်ဘာက (၆-၂၊ ၆-၂) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အွန်ဂျပ်ဘာသည် ပြိုင်ပွဲ၏ နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ပြိုင်ပွဲကိုလည်းဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင် ကစားခဲ့ရခြင်းဖြစ်သည်။

အွန်ဂျပ်ဘာသည် အလိုင်စီယာပက်ခ်ကိုအနိုင်ရခဲ့သော ပွဲစဉ်တွင် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့သလို ပြတ်သားသည့်ရလဒ်များဖြင့်လည်း အနိုင်ရရှိခဲ့သူဖြစ်သည်။

အွန်ဂျပ်ဘာသည် အလိုင်စီယာပက်ခ်ကို အနိုင်ရရှိရန်အတွက် ပွဲချိန် ၅၉ မိနစ်သာ ယှဉ်ပြိုင်ကစားခဲ့ရပြီး တတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အွန်ဂျပ်ဘာက "အလိုင်စီယာပက်ခ်ရဲ့ စပေးဘောတွေကအရမ်းကိုထိန်းရခက်တယ်။ နောက်ပြီးတော့ အလိုင်စီယာပက်ခ်ကိုနိုင်လိုစိတ်ပြင်းပြတဲ့ အတွက်ကြောင့်လဲ ရင်ဆိုင်ရခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ ကျွန်မအနေနဲ့ အလိုင်စီယာပက်ခ်ရဲ့ စပေးဘောတွေကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပွဲဦးထွက်မှာအနိုင်ရခဲ့လို့ ကျွန်မအနေနဲ့ ယုံကြည်မှုတွေ မြင့်တက်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : WTA**
**Trs : AZL**



# စပိန်အမျိုးသမီးအသင်းအတွက် မကစားရန်ဆန္ဒပြမှုများကို အမျိုးသမီးအသင်း ကစားသမားများပြန်လည်ရုပ်သိမ်း

**မက်ဒရစ် စက်တင်ဘာ ၂၀**

စပိန်အမျိုးသမီးအသင်းကစားသမားများက နိုင်ငံလက်ရွေးစင် စပိန်အမျိုးသမီး အသင်းအတွက် မကစားရန်ဆန္ဒပြမှုများကို ပြန်လည်ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

စပိန်အမျိုးသမီး အသင်းမှ ကစားသမားများသည် ပြီးခဲ့သည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲတွင် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ရူဘီယာလက်စ်နှင့် စပိန်အမျိုးသမီးအသင်းကွင်းလယ်ကစားသမားဟာမိုဆိုတို့ ဖြစ်ရပ်နှင့်ပတ်သက်ပြီး ရူဘီယာလက်စ်နှင့် စပိန်အမျိုးသမီးအသင်းနည်းပြဟောင်းဗီဒါတို့ ဆက်လက်ရှိနေပါက လာမည့်ပြိုင်ပွဲများတွင် စပိန်အမျိုးသမီး အသင်းအတွက် ပါဝင်ကစားပေးမည် မဟုတ်ဟု ဆန့်ကျင်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားတွင် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်က စပိန်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား ဟာမိုဆိုကို အလိုမတူဘဲနမ်းခဲ့သည့်အတွက် ဟာမိုဆိုအပါအဝင် စပိန်အမျိုးသမီး အသင်းကစားသမားများက နိုင်ငံလက်ရွေးစင်အသင်းအတွက် ကစားပေးတော့မည်မဟုတ်ဟု ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

သို့သော် ယခုအခါ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်အနေဖြင့်လည်း ဥက္ကဋ္ဌရာထူးမှ ထုတ်ပယ်ခံခဲ့ရသကဲ့သို့ စပိန်အမျိုးသမီးအသင်းနည်းပြ ဗီဒါလည်း ထုတ်ပယ်ခံခဲ့ရပြီးနောက် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် စပိန်အမျိုးသမီးအသင်းမှ ကစားသမားများ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီးနောက် သဘောတူညီမှုရရှိခဲ့သည့်အတွက် အမျိုးသမီးအသင်းကစားသမားများက အသင်းအတွက် မကစားရန်ဆန္ဒပြမှုကို ပြန်လည်ရုပ်သိမ်းပြီး အသင်းအတွက် ပြန်လည်ကစားပေးရန် ဆုံးဖြတ်ခဲ့ကြသော်လည်း မာပီလီယွန်နှင့် ပက်ထရီဇီဂျာရိုတို့က စပိန်ဘောလုံးအဖွဲ့ချုပ်ကို ဆက်လက်စောင့်ကြည့်ပြီးမှသာ ပြန်လည်ကစားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**Ref : B / R Football**
**Trs : STA**

# ဤမြေကိုသက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၃ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် စက်တင်ဘာ ၂၀**

အောင်ပင်လယ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဤမြေကိုသက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၃ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ဇာတ်ညွှန်းရေးသားသူ ဖြိုးသဥ္ဇာကျော်က ပြောပြ၍ သိရသည်။

ဤမြေကို သက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုကို အကယ်ဒမီ ငြိမ်းမင်းက ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို ဖြိုးသဥ္ဇာကျော်က ရေးသားထားကာ ဒါရိုက်တာ ညီညီငြိမ်းမင်းက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

“ဇာတ်လမ်းကတော့ လယ်ပိုင်ရှင်မုဆိုးမကြီး အမေသိန်းမှာ သားသမီး သုံးယောက်ရှိတယ်။ အကြီးဆုံးသားဖြစ်သူ နေမျိုးနဲ့ အငယ်ဆုံးသမီး ရွှေအိုးက ပညာတတ်မြောက်ပြီး မြို့မှာအလုပ်အကိုင်ကောင်းကောင်းနဲ့ ရပ်တည်နေနိုင်ကြပေမဲ့ သားအလတ်ဖြစ်သူ ပေတိုးကတော့ အတန်းပညာမပြီးမြောက်ဘဲ ရွာမှာ လေလွင့်မူးရူးသောက်စားလေ့ရှိသူဖြစ်ပါတယ်။ တစ်ရက်မှာ နေမျိုးက ကုမ္ပဏီပိုင်ငွေကို အလွဲသုံးစားလုပ်ပြီး ဝယ်ထားတဲ့ကားနဲ့ ယာဉ်တိုက်မှုဖြစ်တော့ ငွေလိုအပ်နေချိန်မှာ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ ကြိုးစားနေတဲ့ ရွှေအိုးကလဲ ငွေလိုအပ်နေတဲ့အခါ နေမျိုးနဲ့ ရွှေအိုးတို့ရဲ့ လှည့်ကွက်တွေကို ပေတိုး ဘယ်လိုကာကွယ်ဖို့ ဘယ်လိုအကြံအစည်ထုတ်မလဲဆိုတာ ဖန်သားပြင်မှာ ရှုစားပေးပါ” ဟု ဖြိုးသဥ္ဇာကျော်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ မေမီကိုကို၊ ဒေါင်းဝေ၊ ဆုပန်မေတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အချိန်လွန်...မိုး ရုပ်ရှင်ဇာတ်ကား ရုံတင်မိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

SM Winner ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အချိန်လွန်. . . မိုး ရုပ်ရှင်ဇာတ်ကား ရုံတင်မိတ်ဆက်ပွဲကို စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတ ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာနေဟိန်းက ပြောပြ၍ သိရသည်။

အချိန်လွန်. . . မိုး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၂ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ပြီး မိသားစုဒရာမာ စိတ္တဇဆန်ဆန်ပုံစံ ရိုက်ကူးထားကြောင်း သိရသည်။




“ဒီဇာတ်ကားက ကျွန်တော့်ရဲ့ ပထမဆုံး ရုပ်ရှင်ကားဖြစ်သလို အမှတ်တရတွေလဲ အများကြီးရှိတဲ့ ဇာတ်ကားပါ။ ဘဝတစ်လျှောက်လုံးလဲ ကျွန်တော့်အတွက် အမှတ်တရဖြစ်နေမဲ့ ဇာတ်ကားပါ။ မိသားစုတစ်စုရဲ့ ပျော်ရွှင်မှုတွေအပြီး တွေ့ကြုံလာရတဲ့ အခက်အခဲလေးတွေကို ပုံဖော်ထားပါတယ်။ ဒီဇာတ်ကားရဲ့ ဇာတ်လမ်းလေးစကတည်းကနေ အခုလိုရုံတင်ပြသနိုင်တဲ့ထိ ပါဝင်ကူညီပေးခဲ့ကြသူအားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်”ဟု ဒါရိုက်တာနေဟိန်းက ပြောပြသည်။

အချိန်လွန်. . . မိုး ရုပ်ရှင်ဇာတ်ကားသည် စံကို၏ဝတ္ထုကို မယ်ခိုင်နှင့် ဖြိုးသဥ္ဇာကျော်တို့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာနေဟိန်းက ရိုက်ကူးထားကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ အောင်မင်းခန့်၊ မိုးဟေကို၊ ချြူလေး၊ ရဲအောင်၊ သွန်းမြတ်ကြယ်စင်၊ မိကြယ်စင်ကျော်ကျော်၊ ကေညီ၊ သူဇာပွင့်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# ကိုရီးယားအစားအစာပွဲတော်ကို မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် မတ်လအတွင်းကျင်းပသွားရန် စီစဉ်နေ

**ရန်ကုန် စက်တင်ဘာ ၂၀**

ကိုရီးယားအစားအစာပွဲတော် (Korea Food Festival) ကို မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် မတ်လအတွင်း ကျင်းပသွားရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ သိရသည်။

အဆိုပါပွဲတော်ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများကို UMFCCI မှ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်မောင်တို့နှင့် CMS KOREA မှ ကိုယ်စားလှယ် Mr. Yeom Duk Jong နှင့် အဖွဲ့ဝင်များ စက်တင်ဘာ ၁၈ ရက်က ဒဂုံမြို့နယ်ရှိ UMFCCI အဆောက်အအုံ၌ ကျင်းပခဲ့သည်။

“အဓိကအချက်ကတော့ မြန်မာနိုင်ငံမှာလာပြီးတော့ ကိုရီးယားအစားအစာပွဲတော် ပြုလုပ်ဖို့အတွက် နှစ်နိုင်ငံ ညှိနှိုင်းတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် မတ်လမှာလုပ်ဖို့အတွက် စီစဉ်နေပါတယ်။ နောက်ထပ် ပြီးတော့ ဒီလိုဆွေးနွေးညှိနှိုင်းတာကို ကိုရီးယားမှာ လာမဲ့ဒီဇင်ဘာလထဲ ထပ်လုပ်ဖို့ရှိပါတယ်”ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောပြသည်။

အဆိုပါပြပွဲကို ကိုရီးယားနိုင်ငံမှ CMS KOREA နှင့် မြန်မာနိုင်ငံမှ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ပူးပေါင်းပြီး ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုရီးယားအစားအစာပွဲတော်အတွက် ကိုရီးယားနိုင်ငံမှ အသေးစားအငယ်စားနှင့်အလတ်စားကုမ္ပဏီပေါင်း ၂၀၀ ခန့်ကို ဖိတ်ခေါ်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလကုန်တွင် ကိုရီးယားနိုင်ငံ Chungju မြို့တွင် ပြည်နယ်အစိုးရကိုယ်စားလှယ်များဦးဆောင်၍ UMFCCI မှ ကိုယ်စားလှယ်များ ပါဝင်ကာ ပြပွဲကျင်းပနိုင်ရေးအတွက် ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Hit Man ဇာတ်ကား ထုတ်လွှင့်ပြသခွင့် ကန်ဒေါ်လာသန်း ၂၀ ဖြင့် Netflix ဝယ်ယူထား

**နယူးယောက် စက်တင်ဘာ ၂၀**

ဒါရိုက်တာ ရစ်ချက်လင့်ကလိတ်တာ၏ Hit Man ဇာတ်ကား ထုတ်လွှင့်ပြသခွင့်ကို Netflix ရုပ်ရှင်ကုမ္ပဏီက အမေရိကန်ဒေါ်လာသန်း ၂၀ ဖြင့် ဝယ်ယူထားကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

ဗင်းနစ် နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် တိုရွန်တို နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၌ Hit Man ဇာတ်ကား အောင်မြင်ခဲ့ပြီးနောက် ၎င်းဇာတ်ကားထုတ်လွှင့်ပြသခွင့်ကို Netflix က ဝယ်ယူခဲ့ခြင်းဖြစ်သည်။

Hit Man ဇာတ်ကားသည် လုပ်ကြံရေးသမား အသွင်ယူ၍ လုပ်ကြံမှုများအား စေခိုင်းညွှန်ကြားသူများကို ဖမ်းဆီးရန်ကြိုးစားခဲ့သော ရဲစုံစမ်းရေးမှူးတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂလန်းပိုဝဲလ်နှင့် မင်းသမီး အက်ဒရီယာအာဂျိုနာတို့ ပါဝင်ထားသည်။

လက်ရှိတွင် Netflix ကုမ္ပဏီသည် Hit Man ဇာတ်ကား စတင်ထုတ်လွှင့်ပြသမည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Movieweb**
**Trs : KKO**




# Elemental ဇာတ်ကား Disney PIXAR အွန်လိုင်းရုပ်သံလိုင်း၏ ကြည့်ရှုမှုအများဆုံးဖြစ်

**နယူးယောက် စက်တင်ဘာ ၂၀**

Elemental ရုပ်ရှင်ဇာတ်ကားသည် Disney PIXAR အွန်လိုင်းရုပ်သံလိုင်းအတွက် ယခုနှစ်၏ ကြည့်ရှုမှုအများဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Disney PIXAR အွန်လိုင်းရုပ်သံလိုင်းသည် Elemental ဇာတ်ကားကို စက်တင်ဘာ ၁၃ ရက်က စတင်ထုတ်လွှင့်ပြသခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ၎င်းရုပ်ရှင်ဇာတ်ကားကြည့်ရှုသူ ၂၆ ဒသမ ၄ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ Elemental ဇာတ်ကားသည် Disney PIXAR အွန်လိုင်းရုပ်သံလိုင်း၏ ကြည့်ရှုမှုအများဆုံး ထိပ်တန်းရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်းတွင်လည်း ပါဝင်ခဲ့ရသည်။

Elemental ဇာတ်ကားသည် မီး၊ မြေ၊ ရေ၊ လေ လူသားများနေထိုင်ကြရာ ဇာတ်ကြီးလေးပါးမြို့တော် အမည်ရှိ မြို့ကြီးတစ်မြို့အကြောင်း ရိုက်ကူးထားသည့် ကွန်ပျူတာ အင်နီမေးရှင်း ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒစ္စနီးကုမ္ပဏီ၏ ၎င်းအင်နီမေးရှင်းဇာတ်ကားကို ယခုနှစ် ဇွန်လတွင် စတင်ရုံတင်ပြသခဲ့ရာ ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈၄ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

Elemental အင်နီမေးရှင်း ဇာတ်ကားကို ဒါရိုက်တာ ပီတာဆွန်းက ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Screen Rant**
**Trs : KKO**



# Myanmar and Philippines agree to cooperate for the development of agriculture and MSME sectors


A private small industry in operation.

**Nay Pyi Taw September 20**

Myanmar and the Philippines will cooperate for the development of agriculture and micro, small and medium enterprises (MSME) sectors, according to reports from the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) on September 19.

ASEAN-BAC Philippines Chair Mr. Jose Ma. A Concepcion III and ASEAN – BAC Myanmar Chairman U Aye Win signed a MoU at the Philippines-Indonesia round table discussion, which was attended by many businessmen from ASEAN member countries, held at The Sultan Hotel, Jakarta in Indonesia on September 5, 2023.

Myanmar and the Philippines will cooperate in potential agriculture sector, agricultural technology, food security, food safety, agriculture-based food production among entrepreneurs and related organizations, conducting studies and guidelines for the development of agricultural business models and value-added supply chains, developing trade and investment opportunities, identifying business needs in the areas of knowledge exchange, rice and agricultural products, and service sectors, promoting effective strategies in coping with climate change and achieving a sustainable agribusiness environment for Myanmar and the Philippines, it said. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan to conduct basic value-added fruit products technological course

**Mandalay September 20**

Mandalay Region Small-scale Industries Department decided to open the basic value-added fruit product technological course in Yamethin Township, and it will last for seven days.

The course aims to enable trainees to have techniques for manufacturing the value-added fruit products and substitute the imported snacks with locally-made products using seasonal fruits. The course will be conducted from 21 to 27 September, said director U Win Bo of the Mandalay Region Department.

"We set an aim for production of value-added fruit products. So, local people can earn incomes from production of such snacks. The seven-day training will create job opportunities for local people. The training course will help local people produce snacks on a commercial scale. Our department will provide necessary aid to them. The course will be conducted under the protocols of the Covid-19 issued by the Ministry of Health," he explained.


A fruit processing in progress.

The course comprises subjects on making snacks such as cakes, juice, jams, donut and pop corns. Experts from the department will give training to the trainees. 185

# Locals from Einme plant 143,010 acres of rain-fed paddy earmarked for this year

**Einme September 20**

A total of 143,010 acres of rain-fed paddy earmarked for this year's rain crop planting season have been planted in Einme Township, Myaungmya District, Ayeyawady Region, said U Kyaw Moe Win, head of the Department of Agriculture for Myaungmya District.

In this year's rain crop planting season in Einme Township, 143,010 acres of rain-fed paddy planting started in the second week of June this year.

The ability to grow rice to meet the target, local farmers, Department of Agriculture, Department of Agricultural Mechanization and Department of Irrigation and Water Utilization Management and other departmental organizations cooperated in planting.

"This year, we were able to grow rice without difficulty due to the favorable climate in the region," he said.

It is reported that the Department of Agriculture will continue to support the activities such as to ensure good yield of rain-fed rice, to avoid damage, to make the yield per acre equal, and to systematically re-harvest to improve the quality of rice. KKL


A paddy plantation.

# Myanmar to host Korea Food Festival in coming year

**Yangon September 20**

The UMFCCI issued a press release on 19 September, saying that KoreaFoodFair will cooperate with the UMFCCI in holding the Korea Food Festival will place in Myanmar on a grand scale on 24 March 2024.

In this regard, a plan is underway to invite some 2000 SME companies from Korea to take part in the festival. So, officials of UMFCCI will hold meetings for the festival with representatives of the provincial government in Chungju of Korea in coming December 2023.

On 18 September, Mr Yeom Duk Jong and party of CMS Korea met with officials of UMFCCI in Yangon to discuss holding the festival.

The meeting was also attended by general secretary of UMFCCI Daw Khaing Khaing Nwe and joint general secretary U Ye Myint Maung. Both sides emphasized the plan to contact relevant departments and organizations in order to successfully hold the festival. 336

# Number of domestic and foreign tourists visiting Taungthaman Bridge and lake increases


Visitors seen on the Taungthaman Bridge.

**Mandalay September 20**

The number of domestic and foreign tourists visiting Taungthaman Bridge and lake has increased, according to U Soe Win, secretary of the bridge maintenance group.

In Mandalay, Taungthaman Bridge is one of the places that local and foreign tourists are interested in visiting.

"Currently, the number of foreign tourists visiting the Taungthaman Bridge and the lake has increased significantly. Recently, the number of tourists from Thailand, Vietnam, and Russia has increased significantly," he continued.

In the first week of September, the number of domestic and foreign tourists to the Taungthaman Lake and Bridge was only over 500 per day, but since the second week of September, the number of tourists to the bridge and lake has reached over 700 per day.

There are a total of 1,086 pillars on the bridge, and more than 50 boats are running around the lake for local and foreign tourists to visit the beauty of the sunset in the lake.

184

# Six Palestinians killed by Israeli forces in West Bank and Gaza

**Jenin September 20**

Six Palestinians have been killed by Israeli forces in the occupied West Bank and Gaza Strip, medics say.

The funerals have taken place for three of the four killed in a late-night military raid of Jenin refugee camp, in which some 30 people were also injured.

Another young Palestinian man was killed during an Israeli raid in Jericho on Wednesday morning.

The sixth was killed during violent demonstrations on Tuesday evening near the Gaza-Israel separation fence.

There was intense fighting on Tuesday night in the Jenin camp, a stronghold of Palestinian militants, where the Israeli military launched its biggest operation in years in the West Bank back in July.

In the morning, residents of the camp cleared up damage to a badly damaged house which had been surrounded by Israeli forces. It was left pockmarked with bullet holes, the floor covered in broken glass and blood stains.

Large crowds carried the bodies of three of those killed overnight through the camp as they were taken to be buried.

Two were wrapped in the flags of the Islamist militant group Hamas and one in the flag of Islamic Jihad.

Umm Omar showed the dried blood around her fingernails from one young militant she had dragged into her home last night.

BBC

# Locals from Pyapon sell 97,000 tons of river catfish to Yangon during August

**Pyapon September 20**

Up to 97,000 tons of river catfish were sent from Pyapon Township, Ayeyawady Region to Yangon during August, said Daw Thet Thet, a trader of fishery products in Pyapon Township.

It is reported that only 52,000 tons of river catfish were sold to Yangon during July and 97,000 tons of river catfish were sold during the month from August 1 to 31.

"In the past month, more than 90,000 tons of river catfish were sold during the last month of August All the fishery products from Pyapon Township are being sent to the Yangon market. River catfish are being traded briskly in the local market," she said.

The river catfish that were sent to Yangon from Pyapon Township were sold at a price of 85,000 kyats for 10 visses. Because more of these river catfish are being sold to Yangon, the lives of fishery business owners, fish traders, fish pond workers, and those who rent trucks are convenience.


River catfish.

KKL

# Cauliflowers from PyinOoLwin marketable in Mandalay market

**Mandalay September 20**

Cauliflower from PyinOoLwin flows into Thiri Marlar green grocery market in Aungmyethazan District of Mandalay, and these vegetables fetch good prices, said U Aung Moe Naing, owner of Aung brokerage in Mandalay.

About five truckloads of cauliflowers from PyinOoLwin Township regularly flow into Mandalay's green grocery market. Hence, one cauliflower is priced at K700 to K800 at the market.

"Rural area of PyinOoLwin Township produces cauliflowers. Such vegetables fetch good prices in the market. Now, cauliflowers from Aungban arrive at the market but its volume declines. Now, such kinds of vegetables are marketable. Remaining crops such as tomato, cabbage, potato, mustard, chickpea, long bean, bitter gourd, white mustard, carrot and onion are also in high demand," he added.

Currently, local farmers emphasize cultivation of cauliflowers around PyinOoLwin region. Other regions are not yet to harvest cauliflowers. So, cauliflower is sold at high prices. Now, Thiri Malar green grocery market is open from 4 am to 8 pm daily.

185

# Spain players agree to end boycott before Nations League games

**Madrid September 20**

Most of the Spain team have agreed to end their boycott, says secretary of state for sports Victor Francos.

The agreement was reached at 05:00 local time on Wednesday after more than seven hours of meetings.

Francos said the Spanish football federation (RFEF) had committed to "immediate and profound changes".

Two of the 23 players named in the squad for this month's Nations League games - Mapi Leon and Patri Guijarro - have left the squad.

The rest of the players began the boycott after then RFEF president Luis Rubiales kissed forward Jenni Hermoso following Spain's triumph over England in the Women's World Cup final on 20 August.

The kiss, which Hermoso said was not consensual, led to Rubiales' resignation, while Spain manager Jorge Vilda was sacked.

Spain are due to play Sweden on Friday and Switzerland on Tuesday.

Francos, the head of the Spanish government's national sports agency (CSD), said: "It is good news to be able to say that the team will play the next two games with guarantees."

He said a decision was reached following "friendly" talks in Valencia involving the players, RFEF officials, CSD and women's players' union Futpro.

BBC


Caption: Victor Francos answers questions from reporters.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျပန်နိုင်ငံ၏ F-15 တိုက်လေယာဉ်များကို Boeing ကုမ္ပဏီက Electronic Warfare Suite ဖြင့် အဆင့်မြှင့်တင်သွားမည်



Boeing ကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ F-15 Super Interceptor တိုက်လေယာဉ်များကို Electronic Warfare Suite ဖြင့် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း www. the defensepost.com သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Boeing-BAE Systems တို့ ပူးတွဲထုတ်လုပ်ထားသော Eagle Passive Warning Survivability System (EPWSS) သတိပေးစနစ်သည် ပြိုင်ဆိုင်မှုပြင်းထန်သောပတ်ဝန်းကျင်တွင် တိုက်လေယာဉ်၏ ရှင်သန်နိုင်စွမ်းကို မြှင့်တင်ပေးလိမ့်မည်ဖြစ်သည်။

BAE ကုမ္ပဏီ၏အဆိုအရ စနစ်၏အဆင့်မြှင့်ရေဒီယိုကြိမ်နှုန်း အီလက်ထရွန်နစ်တန်ပြန်လုပ်ဆောင်မှုများသည် လျင်မြန်စွာတုံ့ပြန်နိုင်စွမ်းရှိပြီး ခေတ်မီပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ပိုမိုနက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နိုင်စေသည်။

၎င်းသည် လေယာဉ်မှူးအား ညွှန်းရပ် ၃၆၀ ဒီဂရီ စစ်မြေပြင်အခြေအနေများကို ဖော်ပြပေးနိုင်ရန်နှင့် ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုအန္တရာယ်များကို ရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြားဖော်ထုတ်၍ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် လျှပ်စစ်သံလိုက်လှိုင်းစွမ်းအင်ကို စုဆောင်းတွက်ချက်ပေးနိုင်မည်ဖြစ်သည်။

စနစ်တွင် ကြားဖြတ်နိုင်ခြေနည်းပါးပြီး ခေတ်မီလှပ်ရှား စစ်ကစားမှုကောင်းမွန်သောခြိမ်းခြောက်မှုများအပါအဝင် ရေဒီယိုကြိမ်နှုန်းသုံးခြိမ်းခြောက်မှု အတန်းအစားအားလုံးကို သိရှိနိုင်စေရန် ကျယ်ပြန့်သော bandwidth အသုံးပြုမှုနှင့် မြန်နှုန်းမြင့်စကင်န်ဖတ်နိုင်စွမ်း ပါရှိသည်။

အမေရိကန်ဒေါ်လာ ၄၇၄ ဒသမ ၅ သန်းတန်ဖိုးရှိ သဘောတူညီမှုစာချုပ်အရ တိုက်လေယာဉ်တွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များတပ်ဆင်မှုကို ၂၀၂၈ ခုနှစ် ဒီဇင်ဘာလထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ Mitsubishi Heavy Industries စက်မှုလုပ်ငန်းစုသည် F-15J/DJ တိုက်လေယာဉ်တားရှင်းအဖြစ် ၁၉၈၀ ပြည့်နှစ်တွင် Boeing F- 15C/D ကို လိုင်စင်ဖြင့် တည်ဆောက်ထုတ်လုပ်ခဲ့သည်။ လေယာဉ်၏ သာလွန်ကောင်းမွန်သော အမြန်နှုန်း၊ ထိန်းကျောင်းနိုင်မှုနှင့် တွန်းအားများသည် ဂျပန်လေတပ်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွင် ရန်သူ့လေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်ခဲ့သည်။

**Boeing to Upgrade Japan's F-15s With Advanced Electronic Warfare Suite ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းကို လေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးပေးရန်အတွက် ကနေဒါနိုင်ငံက ကန်ဒေါ်လာ ၂၄ သန်းပံ့ပိုးမည်

ယူကရိန်းနိုင်ငံအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပံ့ပိုးပေးရန်အတွက် ကနေဒါနိုင်ငံက အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄ သန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း ကနေဒါအစိုးရက စက်တင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကနေဒါနိုင်ငံသည် ယူကရိန်း၏ အရေးပါသော အမျိုးသားအခြေခံအဆောက်အအုံများကိုကာကွယ်ရန် လိုအပ်သည့် တာတိုနှင့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် ဆက်စပ်စနစ်များ ရာနှင့်ချီသောမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄ သန်းပံ့ပိုးမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုပံ့ပိုးငွေသည် ဇွန်လက ကနေဒါဝန်ကြီးချုပ် Justin Trudeau ယူကရိန်းသို့ သွားရောက်လည်ပတ်စဉ် ကြေညာခဲ့သော အမေရိကန်ဒေါ်လာသန်း ၅၀၀ ရန်ပုံငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဒိန်းမတ်၊ နယ်သာလန်၊ အမေရိကန်နှင့် ဗြိတိန်တို့အပါအဝင် နိုင်ငံအများအပြားက ယူကရိန်းသို့ လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ပံ့ပိုးပေးရန် ၂၀၂၃ ခုနှစ် ဇွန်လတွင် မိတ်ဖက်ဖွဲ့ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသေးသည်။


ကနေဒါနိုင်ငံ ကာကွယ်ရေးဝန်ကြီး Bill Blair သည် Operation Unifier အမည်ဖြင့် ယူကရိန်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးနေသည့် အင်္ဂလန်နိုင်ငံ Kent မြို့ရှိ Lydd စစ်လေ့ကျင့်ရေးစခန်းတွင် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များအတွက် ပံ့ပိုးမှုကို ထုတ်ဖော်ပြောကြားခဲ့သေးသည်။ ကနေဒါစစ်ဘက်သည် ယူကရိန်းတပ်သားသစ်များကို လေ့ကျင့်သင်တန်းပေးရန် Unifier ကိုတည်ထောင်ခဲ့သည်။ အဆိုပါကြိုးပမ်းမှုကို အကောင်အထည်ဖော်ရန် ကနေဒါစစ်သည် ၁၇၀ ခန့်သည် ဗြိတိန်တွင်ရှိနေသည်။ Unifier လက်အောက်ရှိ သင်တန်းများတွင် လက်နက်ကိုင်တွယ်ခြင်း၊ စစ်မြေပြင်ရှင်သန်နေထိုင်ခြင်း၊ ရှေးဦးသူနာပြုစုခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေများ သင်ကြားပေးခြင်းတို့ ပါဝင်သည်။ Kent မြို့ရှိ Lydd လေ့ကျင့်ရေးစခန်းသည် ဗြိတိန်နိုင်ငံ၏ ကိုယ်ပိုင်စီမံကိန်းဖြစ်သည့် Operation Interflex အတွက် အခြေစိုက်နေရာလည်းဖြစ်သည်။ Interflex စစ်ဆင်ရေးတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ဗြိတိန်စစ်သားများနှင့်အတူ သင်တန်းပို့ချသူများသည် လစ်သူယေးနီးယားနှင့် ဥရောပအဖွဲ့ဝင်နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သင်ကြားပေးလျက်ရှိကြသည်။



**Canada to Allocate $24Mln for Supply of Air Defense Systems to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## Aerospace Expo 2023 ပြပွဲတွင် တိုက်ခိုက်ရေးဒရုန်းသစ်များကို တရုတ်(တိုင်ပေ) ထုတ်ဖော်ပြသ

တရုတ်(တိုင်ပေ)၏ Chung-Shan အမျိုးသားသိပ္ပံနှင့် နည်းပညာအင်စတီကျု (National Chung-Shan Institute of Science and Technology -NCSIST) သည်Aerospace Expo 2023 ပြပွဲတွင် နိုင်ငံ၏ တိုက်ခိုက်ရေးဒရုန်းသစ်များကို ထုတ်ဖော်ပြသခဲ့သည်ဟု www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



တရုတ်(တိုင်ပေ)အစိုးရပိုင် လက်နက်ဇုန်ရှိသည် ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် အနည်းဆုံး ဒရုန်း ၁၀ စင်းကိုပြသရန် ပြခန်းတစ်ခုလုံးကို အသုံးပြုခဲ့ကြောင်း တရုတ်(တိုင်ပေ) သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပြသခဲ့သည့် ဒရုန်းများထဲတွင် AeroVironment ကုမ္ပဏီထုတ် Switchblade kamikaze ဒရုန်းများနှင့် သဘောတရားဆင်တူသည့် တရုတ်(တိုင်ပေ)ထုတ် Loitering Unmanned Aircraft Types I နှင့် II တို့ ပါဝင်သည်။

တပ်ဖွဲ့ဝင်တစ်ဦးတည်းမှ ပစ်လွှတ်အသုံးပြုနိုင်သည့် ပထမမူကွဲသည် ပစ်မှတ်ခြေရာခံခြင်းနှင့် Pattern Recognition မှတ်သားနိုင်မှုအကူအညီဖြင့် မြင်ကွင်းလွန်အကွာအဝေးမှ ပစ်မှတ်များကို တိုက်ခိုက်မှုများ တိကျစွာလုပ်ဆောင်နိုင်သည်။ ဒုတိယမျိုးကွဲတွင် ပုံသေနှင့် ရွေ့လျားပစ်မှတ်များကို ထိရောက်သောတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ပိုမိုအားကောင်းသော ထိပ်ဖူးတစ်ခုပါရှိသည်။ အဆိုပါ ဒရုန်းဗားရှင်း II ကို တိုက်ပွဲဝင် လုပ်ဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်သုံးဦးလိုအပ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)ထုတ် Cardinal III နှင့် Teng Yun ဒရုန်းအသစ်များကိုလည်း Aerospace Expo 2023 ပြပွဲတွင် ပြသခဲ့သည်။ ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သော Cardinal III ဒရုန်းကို ကမ်းရိုးတန်းကင်းလှည့်မှုများ တာဝန်ထမ်းဆောင်နိုင်ရန် စစ်သင်္ဘောငယ်များပေါ်မှ လွှတ်တင်နိုင်သည်။ တာဝေးပျံသန်းစစ်ဆင်နိုင်သော Teng Yun ဒရုန်းသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ခြင်းနှင့် နေ့ရောညပါ ကင်းထောက်ခြင်းများ လုပ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသည်။ နာရီ ၂၀ ထိ ပျံသန်းနေနိုင်ပြီး အမြင့်ဆုံးအကွာအဝေး ကီလိုမီတာ ၁၁၀၀ ထိ ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ ထို့ပြင် NCSIST သည် တွဲဖက်တိုက်ပွဲဝင်နိုင်သည့် Chien Hsiang ရေဒါလှိုင်းစီး Loitering Munition နှင့် Decoy ဒရုန်းတို့ကိုလည်း ထုတ်ဖော်ပြသခဲ့သေးသည်။ Decoy ဒရုန်းသည် ရန်သူ့ရေဒါများကို လှည့်စား၍ အသက်သွင်းရန် အဓိကအသုံးပြုလေ့ပြီး ၎င်းနှင့်တစ်ပါတည်း လိုက်ပါပျံသန်းလာသော Chien Hsiang ဒရုန်းက ရေဒါကို ရှာဖွေထောက်လှမ်း၍ ပစ်ခတ်နိုင်သည့် နည်းပညာဖြင့် တိုက်ခိုက်ဖျက်ဆီးခြင်းမျိုးဖြစ်သည်။

**Taiwan Unveils New Combat Drones at Taipei Aerospace Expo 2023 ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၁၁၅၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၁၁၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၇၆၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံ ၂၁၁၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ ပဲမျိုးစုံ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ပဲမျိုးစုံ ၂၁၁၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှု မရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

သီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲ ၉၀၁ ဧက၊ မိုးကြိုပဲတီစိမ်း ၆၇၆၆ ဧက၊ မိုးပဲတီစိမ်း ၃၃၃၈ ဧက၊ ထောပတ်ပဲ ၁၂၄၂ ဧက၊ စွန်တာပြာ ၁၅၀၅ ဧက၊ ပဲစင်းငုံ ၇၄၀၁ ဧက စုစုပေါင်း ၂၁၁၅၃ ဧကဖြစ်ကြောင်း၊ လျာထားစိုက်ပျိုးမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၁၇၅၄ ဧက၊ မိုးပဲတီစိမ်း ၅၅၀၀ ဧက၊ မတ်ပဲ ၃၈၄ ဧက၊ ထောပတ်ပဲ ၂၈၅၄ ဧက၊ စွန်တာပြာ ၄၀၇၅ ဧက၊ ပဲစင်းငုံ ၁၃၀၃၆ ဧက၊ အခြားပဲ ၃၅ ဧက စုစုပေါင်း ၃၇၆၃၈ ဧက ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ဧက ၃၇၄၀၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ပဲမျိုးစုံ ၃၆၆၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းကိုင်မြို့နယ် ဟိုဖိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းကိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုဖိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက အရှည်နှစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



အဆိုပါ လုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၆၆ သန်း အသုံးပြုကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ဟိုဖိုင်ကျေးရွာရှိ အိမ်ခြေ ၈၃ အိမ်၊ လူ ၄၅၃ ဦးတို့အတွက် နွေရာသီ ရေရှားပါးမှုပြဿနာများပြေလည်၍ သန့်ရှင်းသောသောက်ရေသုံးရေများ ပူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**

# ကော့မှူးမြို့နယ် ဆုံရှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံရှမ်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ညီညီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး မိသားစုဝင်ငွေ တိုးပွားလာစေကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ချေးငွေအတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆုံရှမ်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀–၉–၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၅၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



**ရှေ့ဖုံးမှအဆက်**

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော် ခုနစ်အိတ်၊ ဆီ လေးပုံး၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုပရဟိတအသင်း၊ အဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ရေးဆွဲချမှတ်ပြီး အဓိကနိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မိမိတို့တစ်ဦးချင်းစီက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင်လည်း အားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် လူမှုပရဟိတအသင်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုးတက်လာသည့် မြို့ပြများနှင့် တန်းတူညီမျှသည့် ဖွံ့ဖြိုးတိုးတက်သော တောင်ပေါ်ဒေသများဖြစ်စေရေး ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအပေါ် စနစ်တကျ စီမံခန့်ခွဲသွားရေးနှင့် လိုအပ်သည်များအပေါ် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ၁၃ ခုတို့အတွက် ဆန်အိတ် ၁၃ အိတ်၊ ၁၀ ပိဿာဝင် ဆီ ခြောက်ပုံးနှင့် ငွေကျပ် ၁၃ သိန်းတို့ကို ပေးအပ်လှူဒါန်းကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပပြုလုပ်သည့် ပူတာအိုခရိုင်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် အာဂါပေအသင်းနှင့် ယူနီတီအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ အာဂါပေအသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပထမဆုရဘောလုံးအသင်းအတွက် တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့နံနက်ပိုင်းတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (နမ့်တာလဲ)ကိုလည်းကောင်း၊ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်မနော ဥယျာဉ်အတွင်း ရဝမ်အမျိုးသားပြတိုက်ကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် အဆိုပါ ဒုတ္တန်ရပ်ကွက်အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ပူတာအို)သို့သွားရောက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးကကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို Biometric (ဇီဝဆိုင်ရာ) အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်မှုကိုကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်က နိုင်ငံအတွက် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် အလေးထားလုပ်ဆောင်ကြရေးနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ရေး ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ဒေသခံများအတွက် အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများ သင်ကြားနေမှုနှင့် ကျောင်းသားများကို ဘာသာရပ်အလိုက် ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီးထံ ထောက်ပံ့ငွေများပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်အတွင်းရှိ မတ်ပန်ကွင်း၌ အထွက်တိုး ဆင်းဂေရီ-၃ မိုးစပါးစိုက်ကွင်းအတွင်း မြေဩဇာကြဲပက်ပွဲနှင့် သဘာဝမြေဩဇာ သရုပ်ပြပြုလုပ် အသုံးပြုနည်းများ တောင်သူအသိပညာပေး အခမ်းအနားသို့ တက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ သရုပ်ပြရှင်းလင်းတင်ပြမှုများကို ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှင်မဟာရဋ္ဌသာရ၏ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကကြီးမှူး၍ ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ မွေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရသည့်ရည်ရွယ်ချက်မှာ အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာစာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေရန်၊ မြန်မာစာပေသမိုင်းကြောင်းတွင် အင်းဝခေတ်စာပေပညာရှင်များကို ဖော်ထုတ်ဂုဏ်ပြုရာ၌ ဂုဏ်ကျေးဇူးကြီးမားလှသော ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ ဂုဏ်ကျေးဇူးကို သိရှိနိုင်စေရန်အတွက် ဖြစ်ပါကြောင်း၊ ဆရာတော် ရှင်မဟာရဋ္ဌသာရ ပြုစုရေးသားခဲ့သည့် ရတု၊ ပျို့၊ မော်ကွန်း၊ လင်္ကာ၊ မေတ္တာစာနှင့် တောလားများမှာ နှစ်ပေါင်း ၅၅၅ နှစ်ကျော် ကြာမြင့်ခဲ့သော်လည်း ယနေ့ခေတ်တိုင်အောင် များစွာအကျိုးပြုနေသည့် စာပေဖြစ်ရုံသာမက နောင်းပညာရှင်များ အတုယူလေ့လာနေရဆဲဖြစ်သည်ထိ ဆန်းသစ်နေဆဲ နုပျိုနေဆဲပင်ဖြစ်ပါကြောင်း။

ရှင်မဟာရဋ္ဌသာရ မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုလာမည့် စက်တင်ဘာ ၂၃ ရက်၌ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန MICC(II) တွင် ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကျင်းပရာတွင် ဖျော်ဖြေရေးအစီအစဉ်၊ စာတမ်းဖတ်ပွဲအစီအစဉ်နှင့် အထိမ်းအမှတ်ပြခန်း ခင်းကျင်းပြသမှုအစီအစဉ်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အခမ်းအနားကြီး အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် တက်ရောက်လာကြသူများအားလုံးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အခမ်းအနားကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အစည်းအဝေးတက်ရောက်လာသော ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာသံရုံး ယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ် အေ အယ်လ်-ကူဝါရီကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစရှိသောကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အထူးသဖြင့် အာဆီယံ-အာရပ်ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် ကုလသမဂ္ဂမူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (IndiaTechnical and Economic Cooperation) ITEC Day-2023 အခမ်းအနားကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC Day-2023 အခမ်းအနားကို ယနေ့ည ၆ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဗီနေကူးမားနှင့် သံရုံးဝန်ထမ်းများ၊ ITEC မှ တာဝန်ရှိသူများ၊ ITEC အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံတွင် သင်တန်းတက်ရောက်ခဲ့ကြသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ITEC ခေါင်းစဉ်အောက်မှ ၁၉၉၆ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ သင်တန်းသားဦးရေ ၂၀၀၀၀ ကျော်ကို ကာလတို၊ ကာလရှည် စွမ်းဆောင်ရည်မြှင့်သင်တန်းများကို ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ ITEC သင်တန်းများတွင် တက်ရောက် သင်ကြားခဲ့ကြသူများသည် မိမိတို့၏ တာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် အောင်မြင်စွာ တာဝန်ထမ်းဆောင်နေကြသည်ကို လေ့လာတွေ့ရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံနှင့်သင့်လျော်မှုရှိသော သင်တန်းအသီးသီးကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအရ ဘာသာရပ်ပေါင်းစုံအတွက် သင်တန်းများကို အိန္ဒိယနိုင်ငံတွင် အကူအညီပေးလျက်ရှိရာ ဌာနအသီးသီးမှ ဝန်ထမ်းများ စေလွှတ်ပေးနေပါကြောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၂၃ ခုနှစ် မေလထိ လျှပ်စစ်ကဏ္ဍမှ သင်တန်းသား ၁၃၇ ဦးကို အိန္ဒိယနိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ယခု ITEC အစီအစဉ်မှဖွင့်လှစ်ခဲ့သော ဆက်စပ်သင်တန်းများသို့ ၁၂၆ ဦး တက်ရောက်ရန် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ITEC အစီအစဉ်အောက်မှသင်တန်းများသို့ သင်တန်းသားအရေအတွက် ပိုမိုတိုးမြှင့်စေလွှတ်သွားလိုပါကြောင်း၊ ယခင်ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများနှင့်ပတ်သက်၍လည်း သင်တန်းသားများ၏ အကြံပြုချက်များအရ သင်တန်းချိန်များ တိုးပေးစေလိုပါကြောင်း၊ ထို့အတူ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ဆိုင်ရာ သင်တန်းများ၊ နိုင်ငံဖြတ်ကျော်ဓာတ်အားလိုင်းချိတ်ဆက်၍ ဓာတ်အားကုန်သွယ်မှုဆိုင်ရာသင်တန်းများကိုလည်း အလျဉ်းသင့်သလို ဆက်လက်ဖွင့်လှစ်ပေးပါရန် အဆိုပြုပေးပို့ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ITEC ကျောင်းသားဟောင်းများက မိမိတို့ပညာသင်ကြားခဲ့မှု အတွေ့အကြုံများနှင့် အကျိုးကျေးဇူးများကို အမြင်ချင်းဖလှယ်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ITEC နှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာလာလစ်ကူးမားက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ITEC Day-2023 အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် ITEC သင်တန်းများသို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၂၂-၂၀၂၃ ခုနှစ် အကြိမ်(၃၀) မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဆုဖလားရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အကြိမ်(၃၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၅ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

အကြိမ်(၃၀)မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင် ကစားနေမှုကို တွေ့ရစဉ်။



# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကျင်းပ




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ MCC ခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်များ၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ စမ်းချောင်းမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များအတိုင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြိုင်ပွဲဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲခန်းမ အသီးသီး၌ ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(တိုင်းဒေသကြီးအဆင့်) ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်း၊ စစ်ဝတ်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းခြင်း၊ စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ ပေးအပ်ပွဲတွင် အမှာစကား ပြောကြားစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်တစ်ဦးကို လက်နက်အပ်နှင်းပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်းခြင်း၊ စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၁၉ ရက်နှင့်ယနေ့တို့တွင် ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်ပိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က လက်နက်များ တပ်ဆင်ပေးရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူ့စစ်များအတွက် ရိက္ခာများ ထောက်ပံ့ပေးအပ်မည့် အစီအမံများကို လည်းကောင်း၊ ဗိုလ်ချုပ်အောင်ပိုင်ဦးက ပြည်သူ့စစ်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်များ အပ်နှင်းပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် စစ်ဝတ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၅၇ ဦးတို့ကို ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
“ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး”
UNWTO
World Tourism Organization
WORLD TOURISM DAY 2023
TOURISM & GREEN INVESTMENTS
၂၇-၉-၂၀၂၃
MICC-2၊ နေပြည်တော်

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၀**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ခရိုင်အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် စက်တင်ဘာ ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zin Min Thant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ဇင်မင်းသန့်ကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်နှင့် “Thet Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာဇေယျာဘုံရပ်ကွက်နေ သက်ဝင်းကို မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ “Sithu Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မြို့သစ်ရပ်ကွက်နေ စည်သူအောင်(ခ)ခေါင်းဖြူကို ည ၆ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Zaw Lin Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဇော်လင်းဦးကို ည ၉ နာရီ ၂၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ချင်းမြစ်တွင်းအတွင်း ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ရေယာဉ်တစ်စီး မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီး နစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ ကုန်ပစ္စည်းများတင်ဆောင်၍ ချင်းတွင်းမြစ်ကြောင်းအတိုင်း မောင်းနှင်လာသည့် ရေယာဉ်များအနက် ကြယ်မင်း(၄)ရေယာဉ်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီးသို့ အရောက်၌ ရေဝဲအတွင်းသို့ ရောက်ရှိကာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်နစ်မြုပ်တိမ်းမှောက်မှုကြောင့် ကုမ္ပဏီဝန်ထမ်း သုံးဦးနှင့် အရပ်သူ၊ အရပ်သား ခြောက်ဦး၊ လုံခြုံရေးလိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးတို့ ပျောက်ဆုံးခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ဩစတြေးလျနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွား



**ကင်ဘာရာ စက်တင်ဘာ ၂၀**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့်တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက ယနေ့ ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်ဧရိယာသည် ဆစ်ဒနီမြို့နှင့်နီးကပ်နေပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ နယူးဆောက်ဝေးပြည်နယ် တစ်လျှောက် တောမီးလောင်ကျွမ်းမှုအရှိန်ပြင်းထန်နေပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်နေရာ ၆၈ နေရာထိ ရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၆၀၀ ကျော်အသုံးပြုထားပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"ရာသီဥတုပူပြင်းခြောက်သွေ့တဲ့အတွက် တောမီးလောင်ကျွမ်းမှုဟာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိခဲ့တာပါ။ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ နေအိမ်တွေဆီ တောမီးမကူးစက်ဖို့ အဓိကထား ငြိမ်းသတ်ပေးနေပါတယ်"ဟု နယူးဆောက်ဝေးမီးသတ်တပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်သည့်အပြင် ခြောက်သွေ့သော ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုသည် တစ်နေရာမှ တစ်နေရာသို့ ကူးစက်ရာတွင် မြန်ဆန်နေကြောင်း နယူးဆောက်ဝေးပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျနိုင်ငံ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသော စက်တင်ဘာလအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အပူချိန်မြင့်တက်မှုမှာလည်း ငါးရက်ဆက်တိုက် ရှိနေပြီဖြစ်ကြောင်း၊ အပူချိန်ပမာဏမှာ ၃၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး လာမည့်ရက်ပိုင်းအတွင်း အပူချိန်ပြန်လည်ကျဆင်းလာဖွယ်ရှိနေကြောင်း ဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : The Guardian
Trs : Sai Sat

# နယူးဇီလန်နိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ဝယ်လင်တန် စက်တင်ဘာ ၂၀**

နယူးဇီလန်နိုင်ငံ တောင်ပိုင်းကျွန်းရှိ ဖီရယ်ဒိုင်းနယ်မြေအနီးတွင် စက်တင်ဘာ ၁၉ ရက်က ပြင်းအား ၆ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း နယူးဇီလန်မြေငလျင်စောင့်ကြည့်တိုင်းတာရေး အဖွဲ့ဖြစ်သည့် Geonet က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြေငလျင်ပြင်းအားများခဲ့သည့်အတွက် အသေးစားပျက်စီးမှုများရှိခဲ့သော်လည်း ကြီးမားသည့်ပျက်စီးမှုမျိုးမရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူလည်းမရှိခဲ့ကြောင်း၊ မြေငလျင်သည် မြေအောက်အနက် ၁၁ ကီလိုမီတာမှ ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းလည်းဖြစ်ပေါ်လာဖွယ်မရှိကြောင်း Geonet အဖွဲ့က ထုတ်ပြန်ခဲ့သည်။

"စက်တင်ဘာ ၁၉ ရက်မှာ ပြင်းအား ၆ မဂ္ဂနီကျူရှိတဲ့မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် ကြီးကြီးမားမားပျက်စီးမှုမရှိခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူလဲ မရှိခဲ့ပါဘူး။ မြေငလျင် နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်ခဲ့ခြင်းမရှိပါဘူး။ မြေငလျင်ဟာ မြေအောက်အနက် ၁၁ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်တဲ့အတွက် မြေငလျင်လှိုင်းက နေရာတော်တော်များများကို ရောက်ရှိခဲ့ပါတယ်"ဟု Geonet အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မြေငလျင်လှုပ်ခတ်မှုကြောင့်မြေငလျင်လှိုင်းသည် မြောက်ကျွန်းထိ ရောက်ရှိခဲ့သလို အော့ကလန်မြို့တွင်လည်း မြေငလျင်လှိုင်းဒဏ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ဒေသခံဦးရေ ၁၄၀၀၀ ကျော် ထိရှိခဲ့ကြောင်း သိရသည်။

"မြေငလျင်လှုပ်ခတ်မှုဟာ တော်တော်လေး ကြောက်စရာကောင်းပါတယ်။ မြေငလျင်ကြောင့် ပျက်စီးမှုတွေမရှိခဲ့ပေမဲ့ မီးဆိုင်းတွေ၊ အိမ်တွင်းပရိဘောဂပစ္စည်းတွေ လှုပ်သွားတာ ထိတ်လန့်စရာကောင်းပါတယ်။ အိမ်နီးချင်းတွေလဲမြေငလျင်ကြောင့် အထိတ်တလန့်နဲ့ အိမ်အပြင်ကို ပြေးထွက်ခဲ့ကြတယ်"ဟု မြေငလျင်ဒဏ်သင့်ခဲ့ရသော ဂီရာဒိုင်းနယ်မြေခံ ရေဗက္ကာချက်မန်က ပြောကြားခဲ့သည်။

Ref : Mint
Trs : Sai Sat

# ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပီရူးသမ္မတဒီနာဘိုလာတီက အယ်လ်နီညိုရာသီဥတုလျော့ချရေးအတွက် နိုင်ငံတကာကို တိုက်တွန်း

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပီရူးသမ္မတဒီနာဘိုလာတီက အယ်လ်နီညိုရာသီဥတုလျော့ချရေးအတွက် နိုင်ငံတကာကို စက်တင်ဘာ ၁၉ ရက်က တိုက်တွန်းခဲ့ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး အယ်လ်နီညိုရာသီဥတု ပို၍အရှိန်မြင့်တက်လာမည်ဖြစ်ကြောင်း၊ အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ပြောင်းလဲလာသည့်ရာသီဥတုဖြင့် ရင်ဆိုင်နေရခြင်းကို တိုက်ဖျက်ရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှသာ မြန်မြန်ဆန်ဆန် တိုက်ဖျက်နိုင်မည်ဖြစ်ကြောင်း ပီရူးသမ္မတဒီနာဘိုလာတီက တိုက်တွန်းပြောကြားခဲ့သည်။

"အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ပီရူးနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများမှာ ရာသီဥတု လွန်ကဲစွာပြောင်းလဲမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပီရူးနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းပြီးတော့ အယ်လ်နီညိုရာသီဥတုလျော့ချရေးအတွက် သဘောတူညီချက်တွေ ရယူချင်ပါတယ်။ ပီရူးနိုင်ငံဟာ အယ်လ်နီညိုရာသီဥတုလျော့ချရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၉ ဘီလီယံလောက်ထိ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ကတော့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားဖို့ အခက်တွေ့နေလိမ့်မယ်။ ဒါကြောင့် နိုင်ငံတကာအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကူညီပေးမှသာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ အယ်လ်နီညိုရာသီဥတုလျော့ချရေးမှာ ပူးပေါင်းပါဝင်လာနိုင်မှာဖြစ်ပါတယ်"ဟု ပီရူးသမ္မတ ဒီနာဘိုလာတီက ပြောကြားခဲ့သည်။

ပီရူးနိုင်ငံအနေဖြင့် အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းရန် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သလို ပီရူးနိုင်ငံကဲ့သို့ပင် အယ်လ်နီညိုရာသီဥတု ရိုက်ခတ်မှုဖြင့် ရင်ဆိုင်နေရသော နိုင်ငံများအနေဖြင့် ပီရူးနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

Ref : Andina
Trs : Sai Sat

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။



၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ် ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ် စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# လူထုဦးလှ၏ လေနှင့်အတူ

ပုသိမ်အောင်သန်းဦး

ဆရာလူထုဦးလှ ပုဒ်မ-၅ ဖြင့် ထောင်ကျစဉ်က ထောင်ထဲတွင် တွေ့ခဲ့ရသည့် မောင်ညိုဆိုသည့် လူငယ်တစ်ယောက်၏ ဘဝအကြောင်းကို ဝတ္ထုပုံသဏ္ဌာန်ဖြင့် ရေးသားခဲ့သည့်စာအုပ်ဖြစ်သည်။

မောင်ညို၏ မိဘများမှာ မြင်းလှည်းပိုင်ရှင်များဖြစ်ပြီး မန္တလေးတွင်နေထိုင်သည်။ မောင်ညို ရှစ်နှစ်သားအရွယ်တွင် ဦးလေးဖြစ်သူဘုန်းကြီး၏ ကျောင်းတွင် ပညာသင်သည်။ ၁၂ နှစ်အရွယ်တွင် ကိုရင်ဝတ်သည်။ ၁၃ နှစ်အရွယ်တွင် လူထွက်ပြီး သူငယ်ချင်းဖြစ်သူ ညွန့်ရွှေနှင့်အတူ မီးရထားခိုးစီးပြီး ရန်ကုန်သို့ ထွက်ပြေးခဲ့သည်။ ရန်ကုန်ရောက်တော့ ကာကာဆိုင်တွင် ထမင်းစားတစ်လ ငါးကျပ်ဖြင့် အလုပ်ဝင်ခဲ့သည်။ ဆိုင်ရှင်နှင့် သူငယ်ချင်းညွန့်ရွှေ မသင့်၍ နှစ်ယောက်စလုံးအလုပ်ကထွက်ခဲ့သည်။

အလုပ်ကထွက်ပြီး သိမ်ကြီးဈေးကုန်ဈေးတန်းတွင် ငရုတ်၊ ကြက်သွန်များနှိုက်ကာ ကန်တော်လေးရှိ ဂေါ်ရာများထံရောင်းပြီး စားသောက်၍ လမ်းဘေးတွင် အိပ်လေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးနောက် မန္တလေးသို့ ပြန်လာသည်။ မိဘများထံ မပြန်ဘဲ ရန်ကုန်မှာကဲ့သို့ ဈေးချိုတစ်ဝိုက် အလစ်သုတ်ဘဝဖြင့် ကျင်လည်နေခဲ့သည်။

ဂျပန်ဝင်လာသောအခါ ဂျပန်ထံတွင် ကူလီလုပ်သည်။ ကူလီလုပ်နေစဉ် ဦးဘိုးထင်ဆိုသော အဘိုးကြီးနှင့်တွေ့ရာ ခင်မင်ခဲ့ပြီး အဘိုးကြီးအိမ်တွင် လိုက်နေ၏။ ထိုစဉ် ခွေးတပ်ဆွဲခံရပြန်သည်။ မော်လမြိုင်ရောက်သောအခါ သူနှင့်အတူ မောင်တင်မောင်ဆိုသူကို ဂျပန်စစ်ရဲရုံး၌ ထမင်းချက်အဖြစ် တာဝန်ပေး၏။ ဂျပန်ထံအလုပ်လုပ်နေရသော်လည်း မျက်စိရှေ့တွင် နှိပ်စက်ညှဉ်းပန်းခံနေရသော မြင်ကွင်းများကို မြင်နေရသောအခါ မပျော်ပေ။

တစ်နေ့ အကျဉ်းချခံထားရသော ဦးဘသက်ဆိုသူကို ဂျပန်အကျဉ်းစခန်းမှ ကယ်တင်ကာ ထွက်ပြေးခဲ့ကြသည်။ ဒုံးဝင်းရပ်ရှိ ဦးဘသက်အိမ်တွင် လိုက်နေသည်။ ဦးဘသက်မှာလည်း ကျေးဇူးရှင်ဖြစ်၍ ပျော်သလိုနေရန်ပြောသည်။ သို့သော် မောင်ညိုကြာရှည်စွာ မနေနိုင်၊ ပဲခူးသို့ ထွက်လာခဲ့သည်။ ပဲခူးတွင်နေစဉ် ဦးဘသက်ထံမှပါလာသည့် ပိုက်ဆံကုန်သောအခါ ရန်ကုန်သို့ထွက်လာခဲ့ပြန်သည်။ ရန်ကုန်တွင် သူငယ်ချင်းဟောင်း တင်မြင့်နှင့်တွေ့သည်။ တင်မြင့်နှင့်အတူ ဖောက်ထွင်းသမား၊ အလစ်သုတ်သမားလုပ်သည်။ တင်မြင့်နှင့်အတူနေစဉ် အိမ်နီးချင်း မလွန်းမြကို ချစ်မိသည်။ တင်မြင့်တို့က မိဘအတုရှာကာ မိန်းမတောင်းပေးသည်။ မောင်ညိုသည် မင်္ဂလာဆောင်ပြီးပါက ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားရန် အကြံရ၏။

မင်္ဂလာမဆောင်မီ ငွေကုန်သွားသဖြင့် တင်မြင့်တို့နှင့်အတူ အလုံဘက်မှ ဂျပန်စီးကရက်ဂိုဒေါင်ကို ဖောက်၏။ စီးကရက်သေတ္တာများကို ခိုးကြသယ်ကြ၏။ ဂျပန်အစောင့်သိ၍ သေနတ်ဖြင့် ပစ်ခတ်ရာ ဒလမှ စိန်ထွန်းဆိုသူသေပြီး မောင်ညိုမှာခြေသလုံးတွင် ဒဏ်ရာရ၏။ မင်္ဂလာဆောင်ရန် ငွေပြန်စုမိ၏။ မလွန်းမြကို မောင်ညိုက သူသည် ဂျပန်အဝယ်တော်ဖြစ်ကြောင်း လိမ်ထားကာ လက်ထပ်ကြ၏။

မောင်ညိုသည် ယောက္ခမနှင့်အတူ ကုန်ကူးရာ အခြေအနေကောင်းလာ၏။ ထိုသို့ အခြေအနေကောင်းလာစဉ် မလွန်းမြကိုပါခေါ်ကာ ဘုရားဖူးထွက်ခဲ့သည်။ အပြန်မြစ်ငယ်မြစ်ကိုဖြတ်ကူးစဉ် လေယာဉ်ပျံများရောက်လာကာ ဗုံးကြဲသဖြင့် လှေမှောက်ကာ မလွန်းမြကွယ်လွန်သည်။ လက်ထပ်ပြီး ၂၇ ရက်ကြာ မလွန်းမြကွယ်လွန်သွားသဖြင့် မောင်ညိုစိတ်မကောင်းဖြစ်ရသည်။ ယောက္ခမများက သမီးမရှိသော်လည်း သူတို့အိမ်တွင် ဆက်နေရန်ပြောသော်လည်း မနေတော့ ရက်လည်ဆွမ်းသွတ်အပြီး ခြေဦးတည့်ရာ ထွက်ခဲ့ရာ မုံရွာသို့ရောက်ခဲ့သည်။ ထမင်းဆိုင် တစ်ဆိုင်တွင် အလုပ်ဝင်လုပ်ရင်း ဂျပန်တော်လှန်ရေးသမားများနှင့်ဆုံသည်။

ညောင်ခြေထောက်တွင် ဂျပန်များနှင့်တိုက်ပွဲဖြစ်ပွားပြီး ဂျပန်အလောင်းများမှ ရသမျှပစ္စည်းများကို ချွတ်ယူကာ ထွက်ပြေးလေသည်။ စစ်ကိုင်းဘက်တွင် မိဘများနှင့်ပြန်တွေ့ကာ စစ်ပြီးသောအခါ မန္တလေးသို့ ပြန်လာသည်။ သို့သော် ရန်ကုန်ကိုသာလွမ်းနေမိရာ ရန်ကုန်သို့ပြန်လာခဲ့ပြန်သည်။ ရန်ကုန်ရောက်တော့ တင်မြင့်ကိုလည်းမတွေ့၊ ယောက္ခမများကိုလည်း မတွေ့ဖြစ်နေ၏။ အသိဟောင်းများကိုရှာရင်း တရုတ်အဝိန်နှင့်တွေ့ရာ အင်္ဂလိပ်ရာရှင်ပစ္စည်းများထားရာ နေရာကိုညွှန်ပြ၏။ ထိုနေရာတွင် ဦးဘိုးဆင်ဆိုသူနှင့် ရာရှင်ပစ္စည်းများထားရာတွင် အလုပ်ရ၏။ ဦးဘိုးဆင်အိမ်တွင်လိုက်နေသည်။ ရာရှင်ပစ္စည်းဂိုဒေါင်တွင် လုပ်ရင်း ကောင်းစွာစားသောက်နေထိုင်ကာ လစ်ရင်လစ်သလို ခိုးဝှက်လေသည်။

ဦးဘိုးဆင်အိမ်တွင်နေစဉ် အခြားအလုပ်တစ်ခုကိုလည်း တွေ့ရ၏။ မိန်းမများခေါ်ထားပြီး မကောင်းသော အလုပ်ကိုလုပ်နေခြင်းဖြစ်သည်။ ထိုအလုပ်ကို အေးမောင်ဆိုသူက ခေါင်းဆောင်၏။

ရာရှင်ဌာနတွင် လုပ်နေစဉ် မကောင်းသော ပစ္စည်းများ စွန့်ထုတ်ရာတွင် ကောင်းသောပစ္စည်းများပါ အတူရောထုတ်ခြင်းဖြစ်၏။ ကြံရာပါမှာ ကားမောင်းသမား စွပ်ပယားဖြစ်သည်။ မကောင်းသော ပစ္စည်းများနှင့်အတူ နို့ဆီသေတ္တာ၊ နို့စိမ်းသေတ္တာများ ပါရောတင်ပြီး အပြင်တွင်ရောင်းစားကြ၏။ စီးပွားဖြစ်လာသည်။ တစ်ကြိမ်ပစ္စည်းများခိုးထုတ်ရာမိပြီး ပုလိပ်လက်အအပ်ခံရသည်။ ဦးဘိုးဆင်က ငွေထိုးသဖြင့် အရိုက်အနှက်မခံရ လွတ်လာသည်။ သို့သော် အလုပ်ပြန်မရတော့ချေ။

ဦးဘိုးဆင်က မောင်ညိုကို အေးမောင်ကဲ့သို့မလုပ်ရန်တိုက်တွန်း၏။ ဤလောက၏ အဖြစ်ဆိုးများကို ရှုမုန်းသဖြင့် မလုပ်ဘဲ ကမ်းနားတွင် ခိုးရာပါအဝတ်အထည်များကို လက်ပွေ့ ရောင်းချရာ ခိုးရာပါပစ္စည်းများမိပြီး ထောင်ခြောက်လကျသည်။ မောင်ညိုပထမအကြိမ်ထောင်ကျခြင်းဖြစ်သည်။

ထောင်မှထွက်လာသောအခါ စောမောင်ဆိုသူနှင့်အတူ ဦးဘိုးဆင်အိမ်သို့သွား၏။ ဦးဘိုးဆင်က ယခင်ကကဲ့သို့ လိုလိုလားလားမရှိ၊ သို့ဖြင့် သူအပ်ထားသော ငွေတချို့နှင့်အဝတ်အထည်များယူကာ ထွက်လာခဲ့သည်။ စောမောင်နှင့်အတူ ဖောက်ထွင်းခိုးဝှက်ခြင်းများလုပ်ကာ ညအချိန်တွင် ကန်တော်ကြီးအလယ်ကျွန်းတွင် အိပ်ကြ၏။

တစ်နေ့ ကပ္ပလီစစ်သားများနှင့် မိန်းကလေးအတွဲများကို ပုလိပ်ယောင်ဆောင်ပြီး ငွေတောင်းရာ ခုခံကြသဖြင့် ရုတ်ရုတ်သဲသဲဖြစ်ရာမှ ပုလိပ်များ၏ အဖမ်းခံရပြီး အင်းစိန်ထောင်တွင် တစ်နှစ်ထောင်ချခံရသည်။ ထောင်ထဲတွင် စိတ်ဓာတ်မြှုပြင်ရေးအတွက် ပြဇာတ်များကလေရာ မောင်ညိုသည် ပြဇာတ်မင်းသမီးအဖြစ် သရုပ်ဆောင်ရာထင်ရှားခဲ့သည်။

ဤသို့ဖြင့် မောင်ညိုသည် ထောင်မှလွတ်လာလိုက်၊ ပြန်ခိုးလိုက်၊ ထောင်ကျလိုက်နှင့်သံသရာလည်နေလေသည်။ တတိယအကြိမ် ထောင်မှထွက်ပြီးနောက် ယခင်အဝတ်များရောင်းသည့် ကမ်းနားလမ်းသို့လာခဲ့ရာ ကိုသာပိုနှင့်တွေ့သည်။ ကိုသာပိုနှင့်အတူ ညောင်ပင်လေးဈေးထိပ်တွင် အဝတ်ဟောင်းများ ရောင်းပြန်၏။

သို့ဖြင့် ကိုသာပိုအိမ်တွင် အနေကြာလာသောအခါ ကိုသာပို၏အမျိုးသမီးက မိန်းမပေးစားလေသည်။ မိန်းကလေးမှာ မောင်ညိုကို ချစ်လေသည်။ မောင်ညိုက မိန်းကလေးကို လက်ထပ်ယူပြီး ငွေလိုသဖြင့် ၃၈ လမ်းရှိ ဆရာဝန်အိမ်သို့ဝင်ခိုးရာ အဖမ်းခံရသည်။

❖ မောင်ညိုသည် ထောင်မှလွတ်လာလိုက်၊ ပြန်ခိုးလိုက်၊ ထောင်ကျလိုက်နှင့် သံသရာလည်နေလေသည်။ တတိယအကြိမ် ထောင်မှထွက်ပြီးနောက် ယခင်အဝတ်များရောင်းသည့် ကမ်းနားလမ်းသို့လာခဲ့ရာ ကိုသာပိုနှင့်တွေ့သည်။ ကိုသာပိုနှင့်အတူ ညောင်ပင်လေးဈေးထိပ်တွင် အဝတ်ဟောင်းများ ရောင်းပြန်၏။ သို့ဖြင့် ကိုသာပိုအိမ်တွင် အနေကြာလာသောအခါ ကိုသာပို၏အမျိုးသမီးက မိန်းမပေးစားလေသည်။ မိန်းကလေးမှာ မောင်ညိုကို ချစ်လေသည်။ မောင်ညိုက မိန်းကလေးကို လက်ထပ်ယူပြီး ငွေလိုသဖြင့် ၃၈ လမ်းရှိ ဆရာဝန်အိမ်သို့ဝင်ခိုးရာ အဖမ်းခံရသည်။ ❖

ဤတစ်ကြိမ်တွင်ကား ထောင်နှစ်နှစ်ကျလေသည်။ ထောင်ထဲတွင် မောင်ညို ပသီမင်းသမီးအဖြစ် သရုပ်ဆောင်ရပြန်၏။ မောင်ညိုထောင်ကျနေစဉ် ဇနီးဖြစ်သူ မသောင်းမေက စားရမဲ့သောက်ရမဲ့ဘဝနှင့်ကြုံတွေ့နေရသဖြင့် နောက်အိမ်ထောင်ပြုလိုက်ကြောင်း စာရေးလာ၏။ မောင်ညိုစိတ်ဒုက္ခရောက်ရပြန်သည်။

ထောင်ကထွက်လာသောအခါ ဇနီးမသောင်းမေထံသွား၏။ ဆိုက်ကားသမား၏မယားဖြစ်နေသော မသောင်းမေသည် ပြောင်းဖူးဖုတ်ရောင်းနေရသည်ကို တွေ့၏။ မောင်ညိုကိုတွေ့သောအခါ မသောင်းမေသည် မောင်ညိုထံပြန်လိုက်လာ၏။ ဆိုက်ကားသမားကလည်း ခွင့်ပြုလေသည်။

မောင်ညိုသည် ကိုသာပိုနှင့်အတူ အဝတ်အထည်များပြန်ရောင်းသည်။ ငွေအတော်အတန်စုမိသောအခါ မသောင်းမေက သူ့ဇာတိရွာ ပိန်းကန်သို့ခေါ်၏။ ပိန်းကန်ရွာတွင် ကုန်စုံဆိုင်လေးဖွင့်၏။ သို့သော် ပိန်းကန်ရွာတွင် မောင်ညိုမပျော်၊ တပေါင်းလ တစ်နေ့တွင် ခရမ်းမြို့ သွန်းဘုရားပွဲ၌ ကပြရန် ရန်ကုန်မှ ပြဇာတ်တစ်ဖွဲ့လာ၏။ ကိုကျော်မြင့်ဆိုသူက ဦးဆောင်၏။ ထိုပြဇာတ်အဖွဲ့တွင် မောင်ညိုပါဝင်ကပြ၏။ ဇာတ်ပိုင်ရှင် ကိုကျော်မြင့်က သဘောကျ၏။ ဇာတ်မှာ အရှုံးပေါ်သဖြင့် မောင်ညိုနေ့တွက်ပင်မရ။ ပိန်းကန်ရွာသို့ပြန်ခဲ့၏။ ကုန်စုံဆိုင်လေးမှာ အဆင်ပြေနေ၏။ သို့သော် မောင်ညိုမပျော်။ မသောင်းမေကို အသိမပေးဘဲ ပိန်းကန်ရွာမှ ထွက်ခဲ့ပြန်သည်။

ရန်ကုန်ရောက်တော့ ဇာတ်ဆရာကိုကျော်မြင့်ထံသွားသည်။ ဇာတ်မှာ အခြေအနေမကောင်းသဖြင့် မကနိုင်။ သို့ဖြင့် မိတ်ဟောင်းသိန်းမောင်နှင့် တွေ့သည်။ သိန်းမောင်မှာ မကောင်းမှုမလုပ်တော့ဘဲ ဆိုက်ကားနင်းနေသည်။ မောင်ညိုအား ဆိုက်ကားတစ်စီးကိုနင်းစေသည်။ မောင်ညိုက ဆိုက်ကားနင်းရသည်မှာ ပင်ပန်းသည်ဟု ယူဆသည်။ သူ၏မိတ်ဆွေအချို့က ကောင်းရောင်းကောင်းဝယ်လုပ်နေကြသော်လည်း မောင်ညိုမလုပ်၊ ၃၉ လမ်းရှိ အိမ်တစ်အိမ်ပေါ် တက်ခိုးရာ ပိုက်ပြုတ်ပြီး ဒဏ်ရာရကာ အဖမ်းခံရသည်။ အချုပ်ဖြင့် ဆေးကုပြီး အင်းစိန်ထောင်ထဲ ပြန်ဝင်ရသည်။ ကရင်သူပုန်များ ထကြွသောအခါ ထောင်ဖောက်ပြီးထွက်ပြေးသည်။ သိန်းမောင်ထံ ပြန်ရောက်ပြီး ဆိုက်ကားနင်းပြန်သည်။ ထောင်ပြေးများကို ပြန်လည်အဖမ်းခံရန် ကြေညာသောအခါ အဖမ်းခံသည်။ ထောင်ထဲတွင် ပြဇာတ်ကပြန်သည်။ ထောင်မှလွတ်သောအခါ သိန်းမောင်ထံပြန်ပြီး ဆိုက်ကားနင်းပြန်၏။ ပြည့်တန်ဆာအိမ်များသို့ ဆိုက်ကားဖြင့် လိုက်ပို့ရသောအခါ ငွေရွှင်လာသည်။

ထိုစဉ်တင်မောင်နှင့်တွေ့သည် တင်မောင်နှင့်အတူ ဖောက်ထွင်းမှုတွင် အဖမ်းခံရပြန်သည်။ ဤတစ်ကြိမ်တွင် ထောင်တွင်း၌ နိုင်ငံရေးသမား၊ သတင်းစာဆရာများ၊ စာရေးဆရာများနှင့်တွေ့သည်။ လူထုဦးလှက သူ့ကိုလိမ္မာဖို့ ဆုံးမသည်။ သူ့အကြောင်းကို မေးသည်။

ဤသည်မှာ "လေနှင့်အတူ"ဟူသည့် ဆရာလူထုဦးလှ၏ မောင်ညိုအကြောင်း သရုပ်ဖော်ဝတ္ထုဖြစ်သည်။ မောင်ညိုအကြောင်းကို ခေတ်ငါးခေတ်ခွဲရေးသည်။ ဗြိတိသျှခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးခေတ်၊ ဆာပေါ်ထွန်းမင်းလုပ်သောခေတ်၊ လွတ်လပ်ရေးခေတ်ဦးတို့ဖြစ်သည်။

ဝေဖန်ရေးဆရာများက "လေနှင့်အတူ" ဝတ္ထုအပေါ် ဤသို့ဝေဖန်ခဲ့သည်။ မောင်ညိုသည် စနစ်တစ်ခု၏ သားကောင်ဖြစ်လာသည်မှာမှန်၏။ သို့သော် မောင်ညိုသည် ထိုစနစ်များကို တွန်းလှန်ခြင်းမရှိ၊ စနစ်ဆိုးတွင် မျောပါနေ၏။ လေနှင့်အတူ မျောလာသော မောင်ညိုကို သနားရမည်လော၊ အားကျရမည်လော၊ စက်ဆုပ်ရမည်လော၊ မောင်ညိုပြောပြချက် အတိုင်းဆိုလျှင် မောင်ညို့ကို ရှုတ်ချရမလိုဖြစ်နေသည်ဟု ဆိုသည်။

ဦးလှအား ၁၉၁၀ ပြည့်နှစ် ဇန်နဝါရီ ၁၀ ရက်တွင် ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းရွာတွင် အဖဦးပု၊ အမိ ဒေါ်ခိုင်တို့က ဖွားမြင်သည်။ ပုဇွန်မြောင်းရွာ ညောင်လေးပင်မြို့မှတစ်ဆင့် ရန်ကုန်ဗဟိုအစိုးရ အထက်တန်းကျောင်းမှ ၁၉၃၀ ပြည့်နှစ်တွင် ၁၀ တန်းအောင်သည်။

ဆရာလူထုဦးလှသည် သတင်းစာဆရာ၊ စာရေးဆရာဖြစ်၏။ ဆိုဗီယက်ရုရှား၊ ထိပ်ဆုံးသို့၊ စစ်နှင့်စစ်သား၊ ပန်းနှင့်စစ်သား စသည့်ဘာသာပြန်စာအုပ်များအပြင် လျောင်ချိုင့်တွင်းမှ ငှက်ငယ်များ၊ ဇနီးနှင့်သားသမီးများသို့ ထောင်တွင်းမှပေးစာများ၊ အားလုံးကောင်းကြရဲ့လား၊ စစ် အချစ်နှင့်ထောင်၊ ရဲဘော်နှင့်မောင်ကြီးနမ၊ စစ်ပြီးစက ထောင်တံခါး၊ ထောင်နှင့်လူသား(၁၉၅၇ ခုနှစ် စာပေဗိမာန်စာပဒေသာဆုရ) နှင့် တိုင်းရင်းသားပုံပြင်များ၊ ခရီးသွားဆောင်းပါးများအပြင် "သတင်းစာများသည် သမိုင်းကိုပြောနေကြသည်"၊ "သတင်းစာများပြောပြတဲ့စစ်တွင်း ဗမာပြည်"၊ "သတင်းစာများကပြောတဲ့ စစ်ပြီးစ ဗမာပြည်"၊ "သူစာတွေကပြောတဲ့ သိပ္ပံမောင်ဝ"၊ "ကျွန်တော် ဗျူရိုကရက်"၊ "ကျွန်တော်စတီးပွဲစား"၊ "ကျွန်တော် သတင်းထောက်"၊ "ကာလီဒါသ၏ဘဝအတွေ့အကြုံများ"၊ "အလုပ်သမား သူရဲကောင်းများ"၊ "သောင်းပြောင်းထွေလာရေးချင်ရာရာ"၊ "အင်ဒိုနီးရှားအနောက်မှ အရှေ့သို့နှင့် ဂျပန်ပြည်တစ်ခေါက်"၊ "နာဂတောင်တန်းတစ်ခေတစောင်း" စသည့်စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။

**ကိုးကား**

– မလိခ၏မြန်မာဝတ္ထုအညွှန်း

# မီးရောင်ထဲက ပိုးဖလံ

အောင်သွေး(မြစ်သား)




(၁)

"ကျား ကျားလိုက်စမ်းကွ၊ ကွေးကွေးလေးဟေ့ ကွေးကွေးလေး"

"ဒွေးအတွဲကွ ဒွေးအတွဲ၊ သုတအောင်ကွ"

ထိုအသံများက သာယာအေးရပ်ကွက်ထဲမှာ နေ့စဉ်လိုလိုညံစီနေသည်။ သည်အသံများရောက်လာသည်မှာ ဘာလိုလိုနှင့်အတော်ပင်ကြာလေပြီ။ သူတို့ အရပ်ခေါ် ဂုံးဂင်းလောင်းကစားဝိုင်းများက တစ်လမ်းတစ်လမ်းတွင် နှစ်ဝိုင်း၊ သုံးဝိုင်းရှိသည်။ သည်ဝိုင်းများ စရောက်လာပုံက မှတ်မှတ်ရရ ရပ်ကွက်ထဲဘောလုံးပွဲကျင်းပချိန်ဖြစ်သည်။ အရပ်သည်၊ မုန့်သည်များနှင့်အတူ ပါလာတတ်သော ဂုံးဂင်းတစ်ဝိုင်းက အစပြုလေသည်။ ဘောလုံးပွဲသာပြီးသွားသည်။ ဂုံးဂင်းအမွေလေးက ကျန်ခဲ့သည်။ အားပေးသည့်ဖောက်သည်များကလည်း အလွတ်မခံနိုင်ပုံရသည်။ ထို့နောက် တစ်ဝိုင်းမှနှစ်ဝိုင်း တစ်စတစ်စများလာသည်။ ထို့ပြင် ကိုယ်ထိုးထားသော မင်းသား၊ မင်းသမီးရုပ်ပုံနှင့် မဲဖွင့်သောရုပ်ပုံ ထပ်တူညီလျှင် အဆနှင့်အလျော်ရသော ပုံဝိုင်းများလည်း ရောက်လာသည်။ ထိုဝိုင်းများရောက်လာပြီးနောက် လူအတော်များများ အလုပ်ပျက်အကိုင်ပျက်ဖြစ်လာသလို ခိုးဆိုးလုနှိုက်သံများလည်း မကြာခဏ ကြားလာရသည်။

ယခင်က သာယာအေးရပ်ကွက်လေးသည် နာမည်နှင့်လိုက်အောင်ပင် သာယာခဲ့သည်။ ပရဟိတ လူငယ်အမျိုးသား၊ အမျိုးသမီးအဖွဲ့လေးများ သူ့အဖွဲ့နှင့်သူ စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်ကြသည်။ ဥပုသ်နေ့မတိုင်မီဆိုလျှင် ရပ်ကွက်ဓမ္မာရုံထဲ သန့်ရှင်းရေးလုပ်ကြသူများ၊ ဥပုသ်သည်များကိုကျွေးမွေးရန် ချက်ပြုတ်ပြင်ဆင်နေကြသူများ စသည်ဖြင့် သူ့တာဝန်နှင့်သူ မလစ်ဟင်းကြပေ။ ကုသိုလ်ရေးပြီးသည့်အခါတွင်လည်း ကိုယ့်ဆိုင်ရာဆိုင်ရာလုပ်ငန်းခွင်သို့ သွားကြသည်။

ဂုံးဂင်းနှင့်ပုံဝိုင်းလောင်းကစားအလျော်အစားများ ရောက်လာပြီးနောက်မှာတော့ သာယာအေးရပ်ကွက်လေးသည် ယခင်နှင့်ဆန့်ကျင်ဘက်ဖြစ်လာတော့သည်။ ထိုဝိုင်းများမထွက်လျှင်ပင် နေမထိထိုင်မသာဖြစ်လာသည်ထိ စွဲလမ်းလာကြသည်။ မိမိတို့ အိမ်ရှေ့မှာပင် မိုးကာခင်းပြီး ဒိုင်ဖွင့်ကစားကြသည်။ ကလေး၊ လူငယ်၊ ယောက်ျား၊ မိန်းမ မရွေး ကြိတ်ကြိတ်တိုးထိုးကြသည်။ သားသည်အမေများလည်း ကလေးခါးထစ်ခွချီပြီး မမီမကမ်းလှမ်းထိုးကြသလို ဆံပင်ဖြူဖြူအဘွားကြီးတချို့လည်း အတင်းတိုးကာ ထိုးကြသည်။ ဝိုင်းဘေးမှာ ဆေးလိပ်ဖွာပြီး မထတမ်းထိုးနေသည့်ဦးကြီးများပါသလို ကွမ်းတဗျစ်ဗျစ်ထွေးပြီး ပေါပေါလောလောထိုးနေသော လူငယ်အမျိုးသား၊ အမျိုးသမီးလေးများလည်းပါသည်။ ထိုအထဲတွင် ဖိုးမောင်တို့မိသားစုလည်း ပါဝင်ပေသည်။ ဖိုးမောင်သည် ပန်းရန်ခေါင်း ကိုတာတီးအဖွဲ့ထဲတွင် နေ့စား ၆၀၀၀ ဖြင့်လိုက်သည်။ ကိုတာတီးသည် ကျန်သည့် နေရာများတွင် သဘောကောင်းလှသော်လည်း ကြိုတင်ငွေထုတ်လျှင်တော့ မျက်နှာကြီးမည်းကာ အော်ဟစ်ပြောဆိုပြီး ပိုက်ဆံထုတ်မပေးသည်က များသည်။ ဖိုးမောင်က ရိုးရိုးသားသားနှင့် အလုပ်ကြိုးစားသလောက် ဇနီးဖြစ်သူ နုနုကတော့ ဂုံးဂင်း၊ ပုံဝိုင်းလောင်းကစား အလျော်အစားဝိုင်းများတွင်သာ အချိန်ကုန်နေသည်။ ဖိုးမောင်အလုပ်ကပြန်လာပြီး မောမောနှင့်ဆာလာ၍ ထမင်းအိုးလှပ်ကြည့်လျှင် ဘာမျှမရှိ။ ထိုအခါ နုနုပုံဝိုင်း ရောက်နေမည်မှာအသေအချာပင်။ ကလေးနှစ်ယောက်ကိုလည်း သူ့အလျော်အစားကစားနေရာခေါ်သွားပြီး မုန့်ဝယ်ကျွေးကာ လွှတ်ထားသည်။ ဇနီးဖြစ်သူကို ချစ်လွန်း၍ အလိုလိုက်ခဲ့မိရာက အခုတော့ ဖိုးမောင် မိန်းမဖြစ်သူ၏ သဘောထားကိုမလွန်ဆန်နိုင်တော့ပေ။ ရုံဖန်ရံခါတော့ ဖိုးမောင်တားမြစ်ကြည့်သည်။

"နုနုရယ် အဲဒီလောင်းကစားဝိုင်းတွေ မသွားပါနဲ့တော့လား။ ငါလုပ်သမျှလဲ ဘာမှအကောင်အထည် မပေါ်ဘူး။ ရလိုက်၊ ကုန်လိုက်ဖြစ်နေတာပဲ။ ရှေ့က လုပ်ရတာ အားမရှိဘူးဟာ"

"အလို ကိုဖိုးမောင် ရှင့်လုပ်စာ စားတယ်ဆိုပြီး ဒီစကားပြောတာပေါ့။ ရတယ် ရှင်နဲ့မနေဘူး အမေ့အိမ်ပြန်မယ်"

သို့နှယ် နုနုက ကက်ကက်လန်ပြောပြီး သုံး၊ လေးရက်လောက် သူ့အမေအိမ်ဆင်းသွားသည်။ ထုံးစံအတိုင်း ဖိုးမောင်က အချွဲပေးကာ ပြန်ခေါ်ရသည်။ နုနုသည် ဖိုးမောင်ထက် ဆွဲငင်အားကောင်းသော လောင်းကစားနွံထဲမှာ စုံးစုံးမြုပ်နေပြီမဟုတ်လား။ နုနုသည် နိုင်သည့်အခါတွင် တွေ့ရာလူကို မုန့်ဝယ်ကျွေးပြီး တစ်ရပ်ကွက်လုံးမကြော်ငြာရုံတစ်မယ်ပင်။ ရှုံးလာသည့်အခါတွင်တော့ လူမကြားရပေ။ လမ်းမှာတွေ့နေကျ ပုံမှန်နှုတ်ဆက်သူကိုပင် နုနုက ရန်ထောင်လွှတ်သည်။ အရှုံးများလာပြီဆိုလျှင် သူများဆီက ပိုက်ဆံချေးပြီး ထိုးသည်ထိ လက်ရဲလာသည်။ စီးတဲ့ရေသာရှိပြီး ဆည်တဲ့ကန်သင်းမရှိလေတော့ ဖိုးမောင်လုပ်သမျှသည် အိတ်ပေါက်နှင့်ဖားကောက်သည့်နှယ် ဖြစ်နေတော့သည်။

(၂)

"ကိုဖိုးမောင် ကိုဖိုးမောင် သမီးလေးအန်တာ အညိုရောင်တွေပါလာတယ်တော့ ပြီးတော့ မှိန်းပဲ မှိန်းနေတယ်"

အလုပ်ကပြန်လာလာချင်း နုနု၏ပြောစကားကြောင့် ဖိုးမောင် မျက်လုံးပြူးသွားသည်။ မပြူးဘဲ နေနိုင်ပါမည်လား။ ယခု နုနုပြောပြနေသောလက္ခဏာက သွေးလွန်တုပ်ကွေးလက္ခဏာဖြစ်နေလေသည်။

"နုနုရာ အစကတည်းက ငါပြောတယ် ကလေးကို ဆေးခန်းပြပါလို့။ ဒီလောင်းကစားဝိုင်းပဲ အာရုံရောက်နေတယ်။ သမီးလေးဖျားတာ ဘယ်လောက်တောင် ရှိပြီတုံး"

ဖိုးမောင်စိတ်တိုတိုနှင့် ပြောလိုက်သည်။

"အို. . . တော်ကလဲ ဖျားတယ်ဆိုတော့ ပါရာစီတမောသောက် နှစ်ရက်နဲ့ပျောက်မယ်ထင်တာပေါ့။ ဒီလိုကြီးရက်ကြာလိမ့်မယ်လို့ ဘယ်ထင်မတုံး"

"ကဲ ဘာမှပြောမနေနဲ့ နုနု။ အခုချက်ချင်းဆေးခန်းသွားပြမယ် ပိုက်ဆံပေး"

"ဟို ဟို ကိုဖိုးမောင် ကျွန်မမှာ ပိုက်ဆံမရှိတော့ဘူး။ ပုံဝိုင်းမှာထိုးတာ များ များသွားတယ်"

နုနု၏စကားကိုကြားပြီး ဖိုးမောင်၏ဒေါသက ပိုမိုကြီးထွားလာသည်။ ဖြစ်နိုင်လျှင် နုနုကို အမှုန့်ကြိတ်ပစ်ချင်သည်ထိ ဖိုးမောင်စိတ်တိုမိသည်။

"အဲဒါဆို ဘယ်ပိုက်ဆံနဲ့ ဆေးခန်းပြရမလဲ"

ဖိုးမောင်အော်ပစ်လိုက်သည်။

"ဟို ဒီလိုလုပ်ပါလား ကိုဖိုးမောင် ကိုတာတီးဆီ ကြိုသုံးငွေလေးပြောကြည့်ပါလား"

နုနုပြောစကားအတိုင်းလုပ်ရုံမှတစ်ပါး ဖိုးမောင် ဘာမျှမတတ်နိုင်ပြီ။ ကိုတာတီးမျက်နှာကို မြင်ယောင်မိပြီး မသွားချင်ပေမဲ့ သမီးလေးအတွက်ဆိုပြန်တော့ အားတင်းကာ ဖိုးမောင်ထွက်လာခဲ့သည်။

(၃)

"ခက်တယ် ဖိုးမောင်ရာ ငါက ပေးချင်တာမဟုတ်ဘူး။ အလုပ်သမားဆိုတာ ကြိုငွေထုတ်ပြီးရင် အလုပ်ကို ပေါ့သွားတတ်ကြတယ်ကွ။ အကျင့်ပါမှာစိုးလို့ ငါက ထုတ်မပေးတာ မင်းသမီးရဲ့ကျန်းမာရေးဆိုတော့လဲ ဒီတစ်ခါနောက်ဆုံးဖြစ်ပါစေကွာ ထုတ်ပေးလိုက်မယ်"

ပိုက်ဆံထုတ်ပေးသောကြောင့် ကိုတာတီးကို ဖိုးမောင် ထိုင်ရှိခိုးမတတ်ကျေးဇူးတင်မိသည်။ ပိုက်ဆံကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ကိုအရောက်ပြေးခဲ့သည်။

"ကိုဖိုးမောင် သမီးလေးက နိုးမရဘူး"

နုနု၏ထိတ်ထိတ်ပျာပျာစကားကြောင့် ဖိုးမောင် ရင်တုန်သွားသည်။ ဘေးအိမ်က ဘကြီးသာလှနှင့် ကြီးတော်သောင်းတို့လည်း ရောက်လာကြသည်။

"ဖိုးမောင် မင်းသမီးကြည့်ရတာ တယ်မဟန်ဘူးကွာ။ ဆေးရုံကို အမြန်ပို့မှဖြစ်မယ်" ဘကြီးသာလှ သတိပေးတော့မှ သမီးလေးကို ဆေးရုံပို့ရန် ဖိုးမောင် ပြင်တော့သည်။

(၄)

"စိတ်မကောင်းပါဘူးဗျာ။ ခင်ဗျားတို့ အလာနောက်ကျသွားတယ်။ သွေးလွန်တုပ်ကွေးရောဂါဆိုတာ စောစောသိပြီး ဆေးဦးနိုင်မှ အသက်ရှင်ခွင့်ရတာ အခုတော့"

ဆက်ပြောလာမည့်ဆရာဝန်၏စကားတို့ကို ကြားနိုင်စွမ်းမရှိတော့။

"ကျွန်မအမှားပါ ကိုဖိုးမောင်ရယ် ကျွန်မအမှားပါ။ သမီးလေးကို ဂရုမစိုက်နိုင်လောက်အောင် ကျွန်မမှားခဲ့ပါတယ်။ အမေ့ကိုခွင့်မလွှတ်ပါနဲ့သမီးရယ် အမေ့ကို ခွင့်မလွှတ်ပါနဲ့"

သမီးလေးကိုပွေ့ကာ ရှိုက်ကြီးတငင်ငိုနေသော ဇနီးသည် နုနုကိုကြည့်ပြီး အံကြိတ်မျက်ရည်ကျရုံမှတစ်ပါး ဖိုးမောင် ဘာမျှမတတ်နိုင်တော့။ ထို့နောက် နံရံကို ခေါင်းဖြင့်အကြိမ်ကြိမ်ဆောင့်ပြီး ယောက်ျားတန်မဲ့ ငိုချပစ်လိုက်သည်။ ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ပိုက်ဆံများက ဖိုးမောင်ကို လှောင်ပြောင်နေသယောင်။ ဖိုးမောင်တို့သမီးလေး၏သတင်းက သာယာအေးရပ်ကွက်လေးကို ဂယက်ရိုက်သွားစေသည်။ အချိန်လွန်မှရခဲ့သည့်နောင်တတို့အတွက် နုနု ဘယ်အရာနှင့်မျှ အစားထိုး၍မရ။

"ကျွန်မကို သတ်ပစ်လိုက်ပါ ကိုဖိုးမောင်ရယ်။ သမီးလေးဖျားတာကို အစကတည်းက ကြိုသိရက်နဲ့ လောင်းကစားဇောနဲ့ သမီးကိုဂရုမစိုက်မိတာပါတော်"

"စိတ်ထိန်းစမ်းပါနုနုရာ အဖေတစ်ယောက်အနေနဲ့ ငါလဲ သမီးတစ်ယောက်ဆုံးရှုံးရတာပါပဲ။ သမီးတစ်ယောက်လုံးဆုံးရှုံးတာတောင် နင်အသိတရားမရဘူးဆိုရင် နင့်ထက်မိုက်တဲ့သူမရှိတော့ဘူး နုနု။ အခု ငါတို့မှာ သားလေးကျန်သေးတယ်။ သားလေးကို အကောင်းဆုံးပြုစုပျိုးထောင်ပေးရအုံးမယ်။ နင်လဲ အဲဒီနွံထဲက ရုန်းထွက်ပါတော့"

ဖိုးမောင် မျက်ရည်ကြားကနေ အားတင်းပြီး ပြောလိုက်သည်။

"ကျွန်မသိပါပြီ ကိုဖိုးမောင်ရယ်။ ကျွန်မ အဲဒီဘက်ကို ခြေဦးမလှည့်တော့ပါဘူး။ ရှင်နဲ့အတူ မောင်တစ်ထမ်းမယ်တစ်ရွက် ကြိုးစားအလုပ်လုပ်ပြီး သားလေးကို ပျိုးထောင်ပါ့မယ်တော်"

နုနုစကားကြောင့် ဖိုးမောင် အငိုမျက်လုံးပေမဲ့ အပြုံးမျက်နှာတော့ပေါ်လာသည်။ သည်နောက်ပိုင်းတွင်တော့ ဂုံးဂင်း၊ ပုံဝိုင်းလောင်းကစားအလျော်အစားဝိုင်းများတွင် နုနုကို မတွေ့ရတော့ပေ။ ဖိုးမောင်တို့ ပန်းရန်အဖွဲ့တွင် အင်္ဂတေသရွတ်သယ်နောက်လိုက်အလုပ်သမလိုနေသောကြောင့် နုနုဝင်လုပ်ရင်းလောင်းကစားဝိုင်းများကို ကျောခိုင်းလိုက်တော့သည်။ နုနုတို့၏သမီးလေးသတင်းကိုကြားတော့ ဝမ်းနည်းစိတ်မကောင်းသလို စုတ်တသပ်သပ်ရှိကြသော်လည်း ပိုးဖလံမျိုးမီးကိုတိုးဆိုသလို ပူမှန်းသိရက်နှင့်ဆက်တိုးနေသည့်လူများလည်း သာယာအေးရပ်ကွက်ထဲတွင် ရှိနေကြဆဲပင်ဖြစ်သည်။ လောင်းကစားကိုအခြေပြုပြီး မိသားစု ဘဝများ ပြိုကွဲပျက်စီးသွားသည့်ဖြစ်ရပ်မျိုး နောက်ထပ်မဖြစ်ပါစေတော့နဲ့ဟု ဖိုးမောင်အကြိမ်ကြိမ်ဆုတောင်းနေမိတော့သည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၄၂၃ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၄၂၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၁၇၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၁၇၀၀ ကျော်လျာထားစိုက်ပျိုးခဲ့တာ ဧက ၁၄၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၇၆၁ ဧက၊ ဖူးစားပြောင်း ၉၉၉ ဧက စုစုပေါင်း ဧက ၁၇၆၀ ဖြစ်ကြောင်း၊ စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ် ပြောင်း ၇၄၈ ဧက၊ ဖူးစားပြောင်း ၆၇၅ ဧကစုစုပေါင်း ၁၄၂၃ ဧကဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံ စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့်ချင်း၊ ငရုတ်ပိုးသတ်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# နတ်မောက်မြို့နယ် ရှောက်ပင်ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း စစ်ဆေး

**နတ်မောက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နတ်မောက်-ပျော်ဘွယ် ကားလမ်းမကြီးမှ ရှောက်ပင်ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးခိုင်မင်းစိုး၊ နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ နတ်မောက်-ပျော်ဘွယ် ကားလမ်းမကြီးမှ ရှောက်ပင်ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးခိုင်မင်းစိုးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ရှောက်ပင်ကျေးရွာအဝင်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးလက်မ ကျောက်ချောခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၅၉၄ သန်းဖြင့် မိုးမခသဇင်ကုမ္ပဏီက ဇွန်လမှစတင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူ ၆၉၇ ဦးတို့အတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**



# ကျိုက်လတ်မြို့နယ် လေလံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဌမအကြိမ်ထုတ်ချေး

**ကျိုက်လတ် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေလံပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများ သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်းနှင့် ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၇၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လေလံပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုလှိုင်**

## ရွာသို့တစ်ခေါက် အလည်ရောက်

\- မွေးဌာနီ ရော်ရည်လွှမ်း
အရောက်လှမ်း သွားလေပြီ၊
မိုးလရာသီ၊
ချိုးထောင်ဖက် မောင်သိန်းကြည်
သွားလေသည် နိုင်ငံခြား၊
တို့များမှာ ငယ်ကပေါင်းတဲ့
ကျောင်းနေဖက်များ။

\- ရွာလယ်နေ ကိုသာမြ
သူ့အိမ်ထဲ မတွေ့ပါ၊
ဆုံးရလေရှာ၊
ရွာဦးကျောင်း ထေရ်ဆရာ
ပညာအမွေ သူကပေး၊
ကြီးမားရာ ဂုဏ်ကျေးဇူးကို
ဦးချတယ်လေး။

\- ဝမ်းသာစွာ ကြည်ရွှင်ပျ
ကျင်းပတဲ့ တို့တောအလှူ၊
ဗြောသံကဆူ၊
ဝိုင်းဝန်းလို့ ဖေးမကူ
တို့ရွာသူ လူအများ၊
ရိုးသားတာ စဉ်လာကောင်းတယ်
ပေါင်းစုတဲ့အား။

\- တစ်အိမ်တက် တစ်အိမ်ဆင်း
ထမင်းစားဖို့ ဖိတ်ကာခေါ်၊
မျိုးဆွေအဖော်၊
ရေနွေးကြမ်း ပဲကြီးလှော်
မုန့်ဆီကြော် ထန်းညက်(လျက်)ခဲ၊
စားရင်းကွယ် စကားဖောင်ဖွဲ့တယ်
မမေ့ရင်ထဲ။

\- များတကာ လက်ဆောင်ပေး
အရီးလေးက မြေပဲဆန်၊
တောင်းမောက်ကာလျှံ၊
တောင်ပိုင်းက ကိုသာဟန်
ပြန်လာရန် ဆိုစကား၊
မွေးဖွားရာ ရွာဓလေ့ကို
မေ့ပါနဲ့လား။ ။

**စိန်ဌေးလှိုင်(ဟိုပုံးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သိကောင်းစရာ

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

"စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာ"ဟူသော ဆောင်ပုဒ်များကို အခြေခံပညာကျောင်းများတွင် ချိတ်ဆွဲထားသည်ကို တွေ့မြင်နိုင်သည်။ ထို့ပြင် "ကာယ၊ ဉာဏ၊ စာရိတ္တ"ဟူသော ဆောင်ပုဒ်များကိုလည်း တွေ့နိုင်သည်။

"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"သည် အသိတရားနှင့် အပြုအမူဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်ပြီး တစ်နည်းပြောရလျှင် ကောင်းမြတ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု စသည်တို့ကို လူငယ်မောင်မယ်တို့ ရရှိသွားလိုသည့်စေတနာကြောင့် ဆရာ၊ ဆရာမများ၏ ပြုစုပျိုးထောင်နေမှုကို သတိပြုမိစေရန် ကျောင်းနံရံများတွင် ချိတ်ဆွဲသတိပေးထားခြင်းဖြစ်သည်။

"စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"သည် တစ်ခုပြီး တစ်ခု သီးခြားဖွံ့ဖြိုးတိုးတက်လာသော သဘာဝတရားမျိုးမဟုတ်ဘဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။

"စိတ်ဓာတ်"ကို မြန်မာအဘိဓာန်တွင် စိတ်သဘောထားဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ လူကြီးမိဘများ၊ ဆရာသမားများအနေဖြင့် သားသမီးများ၊ ကျောင်းသား၊ လူငယ်များကို မည်ကဲ့သို့သော "စိတ်ဓာတ်"များရှိစေချင်သည်ကို စူးစမ်းကြည့်မိသည်။

အနာဂတ်ခေါင်းဆောင်လောင်းများဟုသတ်မှတ်ထားသော လူငယ်မောင်မယ်များကို တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ် သို့မဟုတ် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ်ချင်းစာစိတ်ဓာတ်၊ လူလူချင်း ဉာဏ်တာထောက်ထားသည့် အသိစိတ်ဓာတ်၊ အများနှင့် စုပေါင်းနေထိုင်တတ်သည့်စိတ်ဓာတ်၊ စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်၊ ပြည်သူပိုင်ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်တတ်သည့်စိတ်ဓာတ်၊ လူ့ဘောင်အသိုင်းအဝိုင်းမှာ စည်းကမ်းတကျလိုက်နာနိုင်သည့်စိတ်ဓာတ်၊ လူမှုရေးတာဝန်သိ၊ တာဝန်ကျေသည့်စိတ်ဓာတ်၊ အကောင်းအဆိုးသိမြင်ပြီး ကြိုးစားလုံ့လရှိသည့် ဇွဲ၊ စိတ်ဓာတ်၊ သတ္တိရှိမှု၊ တာဝန်သိမှုစိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းတတ်သည့်စိတ်ဓာတ် စသည့် မွန်မြတ်သောစိတ်ဓာတ်များ ရရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

ပညာရေး၏ အဓိကရည်မှန်းချက်မှာ လူအများအား မသိသည်ကို သိအောင်သင်ပေးခြင်းသည် ဆိုလိုရင်းမဟုတ်ပါ။ သူတို့မကျင့်ကြံ၊ အားမထုတ်ဘဲ နေသည်များကို ကျင့်ကြံအားထုတ်မှုပြုရန် သင်ကြားပေးခြင်းဖြစ်သည်။ ကျန်းမာသော ကိုယ်ခန္ဓာတွင် ကြံ့ခိုင်သောစိတ်ထားဖြစ်ပေါ်စေရန် ဆောင်ရွက်မှုမှာ ပညာရေး၏ အဓိကရည်မှန်းချက်ဖြစ်သည်။

"စိတ်ဓာတ်"သည် လူသားတို့၏ ဘဝအောင်မြင်မှု၊ ဆုံးရှုံးမှုကို အရင်းခံသည်။ စိတ်ဓာတ်ကြံ့ခိုင်မှုကြောင့် အရာရာကို အောင်မြင်သည်။ စိတ်ဓာတ်ကြံ့ခိုင်မှုကြောင့် အရာရာကို ကောင်း၊ မကောင်းဆုံးဖြတ်တတ်သည့် အကျင့်ကောင်းတစ်ခု ဖြစ်ထွန်းစေသည်။

အလျဉ်းသင့်သဖြင့် အမျိုးသားကဗျာစာဆိုကြီး မင်းသုဝဏ်၏ စည်းကမ်းနှင့်ဆိုင်သော ကဗျာတစ်ပုဒ်ကို ဖော်ပြလိုပါသည်။ ထိုကဗျာမှာ-

**စည်းကမ်း**

စည်းအတွင်းမှာနေ၊
ကင်းပေလိမ့်ရန်ဘေး၊
စည်းကိုကျော်၊ ချော်ကာကျ၊
များလှရန်ဘေး။

ဆရာကြီးက ကဗျာတိုတို၊ စာချိုချိုလေးဖြင့် "စည်းကမ်း၏ အဓိပ္ပာယ်ကို မီးမောင်းထိုးပြထားသည်ကို လေ့လာတွေ့ရှိရသည်။

**မြန်မာအဘိဓာန်တွင်**

"စည်း"ဆိုသည်မှာ ပိုင်းခြားသတ်မှတ်ထားသော ခြံဝင်းအကာအရံ၊ အရေးအကြောင်း၊ နယ်နိမိတ်၊ ကျင့်ဝတ်စည်းကမ်းဟု အဓိပ္ပာယ်ဖွင့်ထားသည်။

"စည်းကမ်း"သည် လူသားတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အထိန်းအကွပ် "ပဲ့"တစ်ခုဖြစ်သည်။ "စည်းကမ်း"ဖြင့် လူ့ဘောင်လောကကြီး သာယာလှပစေရန် ထိန်းကျောင်းပေးထားသည်။

အခြေခံပညာကျောင်းများတွင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော စာတန်းများ ချိတ်ဆွဲဂုဏ်ပြုထားသည်။

ကျောင်းမှ ဆရာ၊ ဆရာမများက ကျောင်းသားလူငယ်မောင်မယ်များကို "စည်းနှင့်ကမ်းနှင့်"နေထိုင်ပြောဆိုတတ်ရန် "စည်းအတွင်း"နေတတ်ရန်၊ ကျောင်းနေစဉ်ဘဝတစ်လျှောက်လုံး ပြုစုပျိုးထောင်လေ့ကျင့်ပေးကြသည်။

ထို့ကြောင့်ပင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဟူ၍ ဂုဏ်ပြုတင်စားခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဘဝကပင် အလေ့အကျင့်ရလာသော စည်းနှင့်ကမ်းနှင့်နေထိုင်ပြောဆိုဆက်ဆံမှုသည် ကျောင်းထွက်ပြီး လူလတ်ပိုင်းဘဝ၊ လူကြီးဘဝတိုင်အောင် မိမိဘဝခရီးကို အောင်မြင်စေရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

မြတ်ဗုဒ္ဓဒေသနာတော်တွင် "ပညာ"၏ အဓိပ္ပာယ်ကို သိမြင်နိုင်သည်။ ပညာသည် ပါဠိစကားဖြစ်သည်။

"ပ" သည် မှန်ကန်စွာ

"ညာ" သည် သိခြင်းဟု အဓိပ္ပာယ်ရသည်။

"ပညာ"၏ အဓိပ္ပာယ်မှာ မှန်ကန်စွာသိခြင်း၊ အမှန်ကိုသိခြင်းပင်ဖြစ်သည်။

"ပညာ"သည် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊စိတ်စေတနာကောင်းတို့ဖြစ်ပေါ်စေသည်။ မကောင်းမှုကို ပယ်ရှားနိုင်သည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ပဋ္ဌာန်းဒေသနာတော်လာ အဓိပတိပစ္စည်းတွင် "ပညာ"သည် အကြီးအမှူး (အဓိပတိ)ဖြစ်၍ ကြီးကျယ်မြင့်မြတ်သော၊ စိတ်ကောင်း၊ စေတနာကောင်းများနှင့် နှုတ်ထွက်စကားကောင်း၊ ကိုယ်အမူအရာကောင်းများ ဖြစ်ပေါ်စေရန် "အဓိပတိသတ္တိ"ဖြင့် ကျေးဇူးပြုကြောင်း ပြဆိုထားသည်။

စိတ်ကောင်း၊ စေတနာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်မှုသည် "စိတ်ဓာတ်"ကောင်းများ ဖြစ်ထွန်းခြင်းဖြစ်သည်။

❖ လူတစ်ဦးတစ်ယောက်သည် ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ကောင်းမြတ်သောစိတ်ထားများရရှိလာခြင်းသည် ထိုသူသည် စည်းနှင့်ကမ်းနှင့် နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ဆက်ဆံတတ်ခြင်းပင်ဖြစ်သည်။ "စည်းကမ်း"အတွက် လေ့ကျင့်ပျိုးထောင်ပေးခဲ့သော အကျိုးတရားများကို လက်တွေ့ခံစားရခြင်းပင်ဖြစ်သည်။ ဤသို့ အကျိုးတရားများဖြစ်ထွန်းပေါ်ပေါက်ရရှိသောသူများသည် မိမိတစ်ဦးတည်း၏ အကျိုးတရားသာမက မိမိပတ်ဝန်းကျင်နှင့် အများအကျိုး၊ နိုင်ငံအကျိုးကိုပါ သယ်ပိုးဆောင်ရွက်သူများဖြစ်လာပေမည်။ မှန်ကန်စွာသိမြင်ခြင်း၊ မှန်ကန်စွာ တွေးတောကြံစည်ခြင်းသည်ပင် "ပညာ"ဖြစ်သည်။ ❖

လူတစ်ဦးတစ်ယောက်သည် ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ကောင်းမြတ်သောစိတ်ထားများရရှိလာခြင်းသည် ထိုသူသည် စည်းနှင့်ကမ်းနှင့် နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ဆက်ဆံတတ်ခြင်းပင်ဖြစ်သည်။ "စည်းကမ်း" အတွက် လေ့ကျင့်ပျိုးထောင်ပေးခဲ့သော အကျိုးတရားများကို လက်တွေ့ခံစားရခြင်းပင်ဖြစ်သည်။

ဤသို့ အကျိုးတရားများဖြစ်ထွန်းပေါ်ပေါက်ရရှိသောသူများသည် မိမိတစ်ဦးတည်း၏ အကျိုးတရားသာမက မိမိပတ်ဝန်းကျင်နှင့် အများအကျိုး၊ နိုင်ငံအကျိုးကိုပါ သယ်ပိုးဆောင်ရွက်သူများဖြစ်လာပေမည်။

မှန်ကန်စွာသိမြင်ခြင်း၊ မှန်ကန်စွာ တွေးတောကြံစည်ခြင်းသည်ပင် "ပညာ"ဖြစ်သည်။

ကျောင်းနံရံများတွင် ချိတ်ဆွဲထားသည့် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဆိုသည့် အသိတရားနှင့် အပြုအမူဆိုင်ရာလမ်းညွှန်မှုများကို ကျောင်းတွင် ဆရာ၊ ဆရာမများ၏ နေ့စဉ်နေ့တိုင်း ပဲ့ပြင်ဆုံးမလေ့ကျင့်ပျိုးထောင်ပေးမှုအားဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ၏ နှလုံးသားထက်ဝယ် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ကို တစ်သက်တာထာဝရစွဲမြဲစွာ ကျင့်သုံးလိုက်နာဆောင်ရွက်ကြမည်ဖြစ်သည်။

"စည်းကမ်း"ဟူသော နယ်ပယ်မှာ ကျယ်ဝန်းသည်။ အမျိုးဘာသာ သာသနာယဉ်ကျေးမှုဖြင့် လွှမ်းခြုံထားသည်။ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ "ဗုဒ္ဓဝါဒီ၊ စွဲတည်မည်"ဟူသော ကဗျာလေးဖြင့် နိဂုံးချုပ်လိုသည်။

**ဗုဒ္ဓဝါဒီ စွဲတည်မည်**

အိုးမဖုတ်ခင်
အိုးလုပ်စဉ်ဝယ်
အိုးတွင်နှိပ်ခတ်
တံဆိပ်မှတ်ထား
မပြတ်မစဲ
အိုးပင်ကွဲလည်း
အမြဲတစေ
တည်ရှိနေဖို့
ထွေထွေသားသား၊ ကလေးများ၌
ဘုရားတံဆိပ်၊ ဘာသာစိတ်ကို
ခပ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်
ဗုဒ္ဓဝါဒီ၊ စွဲ၍တည်မည်
ကိုယ်စီခတ်နှိပ်စေသတည်း။

ဆရာတော်ကြီးဆိုဆုံးမခဲ့သော ကဗျာကဲ့သို့ပင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်မောင်မယ်အပေါင်းတို့သည် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" တည်းဟူသော လူ့ဘဝအတွက် အလွန်တန်ဖိုးရှိလှသော ကိုယ်ကျင့် အဘိဓမ္မာတရားကို ကြိုးစားအားထုတ်လိုက်နာကျင့်သုံးနိုင်ကြပါစေကြောင်း စေတနာကောင်းနှင့် ရေးသားတင်ပြလိုက်ပါသည်။

# အောင်လံမြို့နယ် ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**အောင်လံ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဝိုင်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ညောင်ပင်သာကျေးရွာတွင် အရှည် ပေ ၄၄၀၀ ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရ ငွေကျပ် ၄၉ သိန်း၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၁၉၂၆၄၀၀၀ စုစုပေါင်း ငွေကျပ် ၂၄၁၆၄၀၀၀ ဖြင့် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်ထံမှ သိရသည်။

အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၀၊ လူဦးရေ ၅၅၀ တို့ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်အတွက် လျှပ်စစ်မီးရရှိပြီး ပညာရေး၊ ဖြစ်ကြောင်း ဒေါ်ကေသီအောင်က ပြောပြ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ၌ သိရသည်။

**ကိုလှိုင်**



# နောင်ချိုမြို့နယ် မဲပုတ်ကျေးရွာရှိ ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းသစ် လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်မည်



**နောင်ချို အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မဲပုတ်ကျေးရွာရှိ ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းသစ်ကို လာမည့် အောက်တိုဘာလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရှမ်းပြည်နယ်) ဧဟိုအလုပ်အမှုဆောင် ဦးဖြိုးဝေလင်းက ပြောပြ၍ သိရသည်။

ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းသစ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် မဲပုတ်ကျေးရွာအနီး မြေ ငါးဧကခန့်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဟိုတယ်အပါအဝင် မြင်းစီးကွင်း၊ စက်ဘီးစီးကွင်း၊ ပန်းခြံ အပြင် နာနတ်သီးစိုက်ခင်းကိုပါ ထည့်သွင်းစိုက်ပျိုးထားကြောင်း သိရသည်။

"မဲပုတ်ကျေးရွာမှာ ဖွင့်ထားတဲ့ ဒုဋ္ဌဝတီ တိမ်ပင်လယ်အပန်းဖြေစခန်းကတော့ Luxury Type ပုံစံဘက်သွားတယ်လို့ မြင်မိပါတယ်။ ပန်းပင်တွေကိုလဲ သပ်သပ်ရပ်ရပ်လေးနဲ့ လှအောင်လုပ်ထားတယ်။ မေမြို့ View ကိုခံစားရနိုင်တဲ့ခံစားမှုမျိုးလေးရတယ်။ နောင်ချိုကြီးက တိမ်ပင်လယ်တွေနဲ့မတူညီတဲ့ ရသတစ်မျိုးကို ရရှိစေတယ်လို့ စိတ်မှာ ခံစားစေရပါတယ်။ လာမဲ့ ခရီးသွားရာသီမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေနဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေအတွက် ရည်ရွယ်ပြီးတော့ အပန်းဖြေစခန်းသစ်တွေကို ပြင်ဆင်နေပြီဖြစ်ပါတယ်"ဟု ဦးဖြိုးဝေလင်းက ပြောပြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် လတ်တလောအနေဖြင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်အပန်းဖြေ အနားယူလျက်ရှိသည့် တိမ်ပင်လယ်အပန်းဖြေစခန်း ငါးခုထိရှိကြောင်း၊ အဆိုပါ တိမ်ပင်လယ် အပန်းဖြေစခန်းများမှာ တိမ်ပင်လယ် နောင်ချိုကြီး၊ Sea Cloud Resort ၊ Cloudy Villa၊ တိမ်ပင်လယ် ဦးထွန်းရွှေနှင့် ဇော်ဘွားတောင် အပန်းဖြေစခန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ အပန်းဖြေစခန်းများအနက် တိမ်ပင်လယ် နောင်ချိုကြီးမှာ ရာသီမရွေးသွားရောက်နိုင်သည့်အတွက် ခရီးသွားများမပြတ်ရှိနေပြီး အခြားစခန်းများမှာ နောင်ချိုကြီးရွာမှတစ်ဆင့် မြေသားလမ်းအတိုင်း သွားလာရသဖြင့် ပွင့်လင်းရာသီမှသာ ခရီးသွားများရှိကြောင်း သိရသည်။ ASH

# မိတ္ထီလာမြို့နယ် တဲလှကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲလှကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တဲလှကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

တဲလှကျေးရွာတွင် အကျယ် လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် အရှည်ပေ ၄၀၀ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၀၊ လူဦးရေ ၄၀၀ တို့အတွက် ရာသီမရွေး သောက်သုံးရေအခက်အခဲများ အဆင်ပြေတော့မည်ဖြစ်ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကျော်ဦး**

# ပုသိမ်မြို့နယ် ဦးတိုဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ် အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ဦးတိုဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယနေ့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၄၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဦးတိုဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ်၂၈ ဒသမ ၇၆သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၆ ဒသမ ၈ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၈ ဒသမ ၈၈ သန်း စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၃၁ ဦးကို ငွေကျပ် ၄၄ ဒသမ ၄၄ သန်းထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **သံသာ**

# ငဖဲမြို့နယ် ကံသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်ဦးကျေးရွာအုပ်စု ကံသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်းကို ကံသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကံသာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ငယ်လေး**



# ကြာအင်းဆိပ်ကြီးမြို့နယ် နောင်တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် နောင်တမံကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နောင်တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နောင်တမံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၈ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အိုအို**

# အမျိုးသမီးငယ်တို့ကျန်းမာဖို့ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးကြစို့

ညွန့်ဝင်း(နတ်တလင်း)

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာတွင် စတုတ္ထအဖြစ်အများဆုံးရောဂါဖြစ်ပြီး မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒုတိယအဖြစ်အများဆုံးရောဂါဖြစ်သည်။ အများအားဖြင့် ရောဂါဖြစ်ပွားသူအမျိုးသမီးများ၏ ၇၀ ရာခိုင်နှုန်းသည် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်စေသော ဗိုင်းရပ်ပိုး(HPV)ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ရောဂါပိုးသည် အထူးသဖြင့် လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်းဖြစ်ပြီး အမျိုးသမီးများ၏ မျိုးပွားအင်္ဂါအတွင်းမှဝင်ရောက်၍ သားအိမ်ခေါင်းအဝနှင့် စအိုလမ်းကြောင်းတို့၌ ဖြစ်ပွားသည်။ သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်စေသော ဗိုင်းရပ်ပိုးပေါင်းအမျိုး ၁၀၀ ကျော်ရှိပြီး အဓိကအားဖြင့် အန္တရာယ်အပေးဆုံးဗိုင်းရပ်ပိုး ၁၄ မျိုးကြောင့် အဖြစ်များသည်ဟု ပညာရှင်များကဆိုသည်။ ရောဂါပိုးများသည် အမျိုးသမီးများ၏ သားအိမ်အဝ၊ စအိုနှင့် မျိုးပွားအင်္ဂါ၊ အမျိုးသားများ၏ လိင်အင်္ဂါနှင့် အမျိုးသား၊ အမျိုးသမီးတို့၏ လည်ချောင်း၊ အာခေါင်တို့တွင် ခိုအောင်းနေတတ်သည်။ အမျိုးသား၊ အမျိုးသမီးတို့၏ လိင်အင်္ဂါရှိ ကြွက်နို့တို့၌လည်း တည်ရှိနေကာ လိင်ဆက်ဆံရာမှ အများဆုံးကူးစက်သည်။

သားအိမ်ခေါင်းကင်ဆာရောဂါသည် HIV ရောဂါရှင်များနှင့် အများဆုံးဆက်စပ်မှုရှိသည်။ လိင်အင်္ဂါမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်သောကြောင့် HIV ရောဂါရှိသော အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်စေသော HPV ဗိုင်းရပ်ပိုးကို တွေ့ရှိရပြီး ၎င်းတို့နှင့် လိင်ဆက်ဆံသူများကို တစ်ဆင့်ကူးစက်သည်။ ရောဂါပိုးသည် စတင်ကူးစက်ခံရပါက ကူးစက်ခံရသူသည် မည်သည့်ရောဂါလက္ခဏာမျှမပြဘဲ ပိုးကူးစက်ပြီး ရောဂါပျိုးနေသောကာလ ၁၅ နှစ်မှ အနှစ် ၂၀ ထိ ကြာတတ်သည်။ နဂိုက ကင်ဆာရောဂါအခံရှိသူနှင့် HIV ရောဂါဝေဒနာရှင်များသာလျှင် ရောဂါပိုးကူးစက်ခံရပြီး ငါးနှစ်မှ ၁၀ နှစ်အတွင်း ရောဂါလက္ခဏာများပြကြောင်း တွေ့ရှိရသည်။ သားအိမ်ခေါင်းကင်ဆာရောဂါအစပျိုးချိန်တွင် ရောဂါလက္ခဏာလုံးဝမပြတတ်ပေ။ အကယ်၍ စစ်ဆေးမှုအရ ရောဂါအစပျိုးလက္ခဏာကို အစောဆုံးသိချိန်တွင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံနိုင်ပါက သားအိမ်ခေါင်းကင်ဆာရောဂါအဆင့်သို့ ရောက်မလာတော့ဘဲ အသက်ချမ်းသာရာရရှိနိုင်သည်။ အများအားဖြင့် ရောဂါလက္ခဏာပြလာချိန်တွင် ရောဂါလွန်သည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်၍ ပျောက်ကင်းအောင်ကုသရန်မဖြစ်နိုင်တော့ပေ။ ရောဂါဖြစ်ပွားသူတွင် တွေ့ရှိရသော ရောဂါလက္ခဏာများတွင် ပုံမှန်မဟုတ်သော ရာသီသွေးဆင်းခြင်းများ ဖြစ်ပေါ်ပါသည်။ ကျန်းမာရေးကောင်းမွန်သောအမျိုးသမီးတစ်ဦးသည် ပုံမှန်အားဖြင့် တစ်လလျှင် ရာသီသွေးတစ်ကြိမ်သာဆင်းပြီး အနံ့အသက်ဆိုးရွားခြင်းမရှိပေ။ ရောဂါဖြစ်နေသော အမျိုးသမီးအင်္ဂါမှ သွေးနှင့်အတူ အဖြူအရည်အချွဲများပါဆင်းပြီး အနံ့အသက်လည်း ဆိုးရွားသည်။ သွေးဆုံးပြီးသော အသက် ၄၅ နှစ်မှ ၅၈ နှစ် အမျိုးသမီးများတွင် ရောဂါဖြစ်လျှင် ရာသီသွေးများပြန်ဆင်းမှုကို ကြုံတွေ့ရမည်ဖြစ်သည်။ နောက်တစ်ချက်မှာ သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်နေသော အမျိုးသမီးသည် အမျိုးသားနှင့် လိင်ဆက်ဆံပြီးတိုင်း အမျိုးသမီးအင်္ဂါမှသွေးဆင်းသည်။ ၎င်းသည် ပုံမှန်မဟုတ်သော အချက်ဖြစ်ပြီး ကြိုတင်သိရှိနိုင်သော အဓိကအချက်လည်းဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်သည်။ ရောဂါမဖြစ်မီ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် အပြည့်အဝကြိုတင်ကာကွယ်နိုင်သည်။ ကာကွယ်ဆေးထိုးရာတွင် ပထမအဆင့်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဒုတိယအဆင့် ကာကွယ်ဆေးထိုးနှံခြင်းဟူ၍ နှစ်ဆင့်ရှိသည်။ ပထမအဆင့်ထိုးနှံခြင်းကို အသက် ကိုးနှစ်မှ ၁၄ နှစ်ကြား မိန်းကလေးများကို ထိုးပေးနိုင်သည်။ ထိုအသက်အရွယ်သည် လိင်ဆက်ဆံခြင်းမပြုရသေးသော အကောင်းဆုံးနှင့် အစောဆုံးသော အသက်အရွယ်အပိုင်းအခြားဖြစ်သည်။ ယခုနှစ်ကာကွယ်ဆေးထိုးနှံပေးမည့် အသက်အရွယ်အပိုင်းအခြားမှာ အသက် ကိုးနှစ်မှ ၁၂ နှစ်ထိ မိန်းကလေးများဖြစ်သည်။ ဒုတိယအဆင့်ကာကွယ်ဆေးထိုးခြင်းကို ငယ်ရွယ်စဉ်က ကာကွယ်ဆေးမထိုးခဲ့ရသော အမျိုးသမီးများကို ပြုလုပ်ပေးနိုင်သည်။ ပထမအဆင့် ကာကွယ်ဆေးမထိုးနှံရသော အိမ်ထောင်ပြုမည့် အမျိုးသမီးများသည် သားအိမ်ခေါင်းထိပ်မှ အရိအရွဲနမူနာရယူ၍ ရောဂါဖြစ်စေမည့် အစပျိုးမှုရှိ၊ မရှိ စစ်ဆေးရသည်။ ထို့နောက် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါကို ကြိုတင်ကာကွယ်နိုင်ပေသည်။ ရောဂါဖြစ်နိုင်သည့် အလားအလာတွေ့ရှိရလျှင် လိုအပ်သော ကြိုတင်ကုသမှုများခံယူ၍ ကင်ဆာရောဂါအဆင့်သို့မရောက်အောင် တားမြစ်ကုသနိုင်သည်။ သို့သော် အများအားဖြင့် ခန္ဓာကိုယ်သို့ ရောဂါပျံ့နှံ့ပြီး အချိန်လွန်မှသာ သိကြရပေရာ ကုသရန် အချိန်မမီတော့ပေ။ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ အသက်အရွယ်အပိုင်းအခြားအားဖြင့် ငယ်ရွယ်သော (အသက် ကိုးနှစ်မှ ၁၂ နှစ်ထိ)မိန်းကလေးများကို ပထမအကြိမ် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပေးခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါကို ရာနှုန်းပြည့်နီးပါး ကာကွယ်ပြီးဖြစ်သည်။

❖ သားအိမ်ခေါင်းကင်ဆာရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်သည်။ ရောဂါမဖြစ်မီ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းဖြင့် အပြည့်အဝကြိုတင်ကာကွယ်နိုင်သည်။ ကာကွယ်ဆေးထိုးရာတွင် ပထမအဆင့်ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဒုတိယအဆင့် ကာကွယ်ဆေးထိုးနှံခြင်းဟူ၍ နှစ်ဆင့်ရှိသည်။ ပထမအဆင့်ထိုးနှံခြင်းကို အသက် ကိုးနှစ်မှ ၁၄ နှစ်ကြား မိန်းကလေးများကို ထိုးပေးနိုင်သည်။ ထိုအသက်အရွယ်သည် လိင်ဆက်ဆံခြင်းမပြုရသေးသော အကောင်းဆုံးနှင့် အစောဆုံးသော အသက်အရွယ်အပိုင်းအခြားဖြစ်သည်။ ယခုနှစ်ကာကွယ်ဆေးထိုးနှံပေးမည့် အသက်အရွယ်အပိုင်းအခြားမှာ အသက် ကိုးနှစ်မှ ၁၂ နှစ်ထိ မိန်းကလေးများဖြစ်သည်။ ❖

ကျောင်းနေအရွယ် သမီးငယ်များကို သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးပေးရေးလုပ်ငန်းကို နိုင်ငံတော်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အသက် ကိုးနှစ်မှ ၁၂ နှစ်အရွယ်ရှိ မိန်းကလေးများတွင် အများစုသည် ကျောင်းများတွင် ပညာသင်ကြားနေသည့် အရွယ်များဖြစ်သဖြင့် အခြေခံပညာကျောင်းများတွင် စာရင်းများပြုစုစေလျက် အကြားအလပ်မရှိ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည်။ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို အသက် ကိုးနှစ်မှ ၁၂ နှစ်ထိ မိန်းကလေးများကိုပင် ၂၀၂၀ ပြည့်နှစ်အောက်တိုဘာလက ပထမအကြိမ်ထိုးနှံပေးခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလက ဒုတိယအကြိမ်အဖြစ် ပထမအကြိမ်ထိုးနှံပြီးသော အမျိုးသမီးငယ်များကို ထိုးနှံပေးခဲ့ဖူးသည်။ ကမ္ဘာတွင်လည်း ၂၀၂၀ ပြည့်နှစ်က သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးကို နိုင်ငံအသီးသီး၌ ထိုးနှံပေးခဲ့ကြပြီးဖြစ်သည်။ ၎င်းတွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးခြင်းနှင့် တစ်ကြိမ်ထိုးနှံပေးခြင်းတို့၏ အကျိုးသက်ရောက်မှုရလဒ်များကို နှိုင်းယှဉ်ကြည့်သောအခါ အကျိုးသက်ရောက်မှုအတူတူဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ယခုအကြိမ်တွင် စက်တင်ဘာလအတွင်း အမျိုးသမီးငယ်များကို ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံပေးမည်ဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဘေးထွက်ဆိုးကျိုးများ ရှိ၊ မရှိကိစ္စကို မိဘများနှင့် သမီးငယ်များကို ရှင်းလင်းအသိပေးထားရမည်ဖြစ်သည်။ ကာကွယ်ဆေးအများစုသည် ဘေးထွက်ဆိုးကျိုး အနည်းငယ်စီတော့ရှိတတ်ကြသည်။ သို့သော် မပြောပလောက်သော ဘေးထွက်ဆိုးကျိုးကလေးများကို သည်းခံရမည်ဖြစ်ကြောင်း၊ ၎င်းဆိုးကျိုးကလေးများကိုလည်း ကျန်းမာရေးဆရာ၊ ဆရာမများက ပြုစုကုသပေးမည်ဖြစ်ကြောင်း ကြိုတင်ရှင်းပြထားရန်လိုသည်။ ကာကွယ်ဆေးကို ကလေး၏လက်မောင်းတွင် မိမိရရထိုးနှံပေးရမည်ဖြစ်သဖြင့် အနည်းငယ်နာကျင်မည်။ သို့သော် မပြောပလောက်ပေ။ ဆေးထိုးသည့်နေရာသည် အနည်းငယ်နီရဲမှု၊ ရောင်ရမ်းမှုဖြစ်နိုင်သည်။ တချို့မှာ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ အနည်းငယ်ဖျားခြင်း စသည့်ဘေးထွက်ဆိုးကျိုးကလေးများဖြစ်တတ်သည်။ ၎င်းတို့မှာလည်း သာမန်အဆင့်သာဖြစ်ပြီး ဆိုးဆိုးရွားရွားမဖြစ်သကဲ့သို့ အနည်းငယ်ပြုစုရုံနှင့် သက်သာသွားမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံသူတိုင်းလည်း ၎င်းဘေးထွက်ဆိုးကျိုးများမဖြစ်နိုင်ပေ။ ကာကွယ်ဆေးထိုးပြီးချိန်တွင် ကလေးငယ်ကို ချက်ချင်းပြန်မလွှတ်သေးဘဲ နာရီဝက်ခန့် ထိုင်နားစေပြီး အခြေအနေကိုစောင့်ရမည်ဖြစ်သည်။ ထူးခြားမှု တစ်စုံတစ်ရာရှိပါက စောင့်ကြည့်နေသော မိဘ သို့မဟုတ် ဆရာက သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းကို အသိပေးပြသရမည်။ ယခင်ထိုးနှံမှုများအရ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးသည် ဘေးထွက်ဆိုးကျိုး ကြီးကြီးမားမားမဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အာမခံချက်အပြည့်ရှိသော HPV ကာကွယ်ဆေးကို အမျိုးသမီးငယ်များအား စိတ်ချလက်ချထိုးနှံပေးသင့်သည်။

သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသက် ကိုးနှစ်မှ ၁၂ နှစ်မကျော်သော အမျိုးသမီးငယ်များကို ကျောင်းအခြေပြုစနစ်ဖြင့်၂၀၂၄ ခုနှစ် စက်တင်ဘာလထဲတွင် ထိုးပေးလျက်ရှိသည်။ ထိုကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၂၀၂၂ ခုနှစ် ဩဂုတ်လထုတ်ပြန်ချက်အရ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြန်မာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိုးနှံပေးလျက်ရှိသည့်ဆေးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပုံမှန်ထိုးနှံပေးလျက်ရှိသည့် အစီအစဉ်များတွင် ၁၃ မျိုးမြောက် ထိုးနှံပေးသည့်ဆေးဖြစ်သည်။ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျန်းမာရေးအဖွဲ့က အဆင့်သုံးဆင့် သတ်မှတ်ထားသည်။ ပထမအဆင့်တွင် HPV ကာကွယ်ဆေးထိုးခြင်း၊ ဒုတိယအဆင့်တွင် သားအိမ်ခေါင်းကင်ဆာရောဂါကြိုစစ်ဆေးခြင်းနှင့် တတိယအဆင့်တွင်လိုအပ်သောကုသမှုလုပ်ဆောင်ခြင်းတို့ကို တစ်ပြိုင်နက်လုပ်ဆောင်ကာ ထိရောက်စွာ ကာကွယ်သွားရန်ဖြစ်သည်။ ငယ်စဉ်က ကာကွယ်ဆေးထိုးခဲ့ရသော အမျိုးသမီးများကို အသက် ၂၆ နှစ်အရွယ်ထိ ထိုးနှံပေးနိုင်သည်။ သားအိမ်ခေါင်းကင်ဆာရောဂါ စစ်ဆေးခြင်းလုပ်ငန်းကို အိမ်ထောင်ကျပြီးသော အမျိုးသမီးများအား ရက် ၃၀ မှစ၍ နှစ်ကြိမ် သို့မဟုတ် ဆရာဝန်ညွှန်ကြားသည့်အတိုင်း စစ်ဆေးသင့်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးအားလုံး၌ ဖြစ်ပွားသည့် ကင်ဆာရောဂါများ၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းသည် သားအိမ်ခေါင်းကင်ဆာရောဂါပင်ဖြစ်သည်။ ထို့ပြင် အသက် ၁၅ နှစ်မှ ၄၄ နှစ်အတွင်း အမျိုးသမီးများတွင် အများဆုံးဖြစ်ပွားသည့် ရောဂါဖြစ်ပြီး ကင်ဆာကြောင့် သေဆုံးရသည့် အဓိကအကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ ၂၀၁၆ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံတွင် သားအိမ်ခေါင်းကင်ဆာရောဂါလူနာများ၏ ၈၅ ရာခိုင်နှုန်း၌ အန္တရာယ်များသော HPV အမျိုးအစား ၁၆ နှင့် ၁၈ တို့ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ကြသည်။

ကျောင်းအခြေပြုစနစ်ဖြင့် သမီးငယ်များကို ထိုးနှံသည့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အသိအမှတ်ပြု အာမခံချက်ပေးထားသည့်ဆေးဖြစ်ပြီး ရောဂါကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်မည့် ဆေးဖြစ်သည်။ ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၁၅ နှစ်မကျော်လွန်သေးသော မိန်းကလေးငယ်များကို ဆောလျင်စွာထိုးနှံပေးခြင်းသည် ထိရောက်စွာအကာကွယ်နိုင်ဆုံးနှင့် အကောင်းဆုံးဖြစ်သည်။ အသက် ၁၅ နှစ်ကျော်မှထိုးနှံလျှင် ဆေး၏ထိရောက်မှုလျော့ကျသွားမည်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်ဆေးတစ်လုံးလျှင် ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ အာနိသင်ထက်မြက်သည့် ဆေးများကို ကျောင်းအခြေပြုစနစ်ဖြင့် ထိုးနှံပေးလျက်ရှိရာ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ NGO အဖွဲ့များက အားလုံးပူးပေါင်းပါဝင်၍ အကြားအလပ်မရှိ အောင်မြင်စွာထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများ၌ ကာကွယ်ဆေးမထိုးနှံလိုက်ရသော အမျိုးသမီးငယ်များနှင့် ကျန်ရှိနေသော အသက်ပြည့်သူ အမျိုးသမီးငယ်များ အောက်တိုဘာလတွင် အကုန်အစင် ထပ်မံထိုးနှံသွားမည်ဖြစ်ရာ အမျိုးသမီးငယ်အားလုံး သားအိမ်ခေါင်းကင်ဆာရောဂါဘေးမှ ကင်းဝေးကာ ကျန်းမာသောဘဝကို ဆက်လက်လျှောက်လှမ်းနိုင်စေရန် တစ်ယောက်မကျန် ကာကွယ်ဆေးထိုးနှံပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

**ကိုးကား**

- **မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဟောပြောဆွေးနွေးချက်များ၊**
- **အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံသင့်သော အကြောင်းရင်း (ပေါက်ပေါက်)**
- **နေ့စဉ်ထုတ်သတင်းစာများ၊**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၄၀၅။ | ဦးမိုးမင်းထွန်းနှင့်ကုမ္ပဏီဝန်ထမ်းမိသားစု ကောင်းမှု | ၁၂၀၀၀၀၀ |
| ၆၄၀၆။ | ဆရာဦးမြသင်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၀၇။ | ဦးမောင်မောင်(တပ်ကြပ်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်စန်းရီ (အလယ်တန်းပြ-ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၄၀၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဗိုလ်မှူးကြီးစံလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်စန္ဒာဆွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၀၉။ | ဗိုလ်ကြီးအောင်ကြည်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ဆိုင်းမွန်းပန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၀။ | ဦးမော်ဝင်းနှင့်ဇနီး ဒေါ်တင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၁။ | ကွယ်လွန်သူ ဦးဝင်းမြင့်အားရည်စူး၍ (ဇနီး)ဒေါ်နှင်းနှင်းအေး၊ သား၊ သမီး၊ မြေးများကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၂။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၃။ | ဦးစိုးညွန့်နှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသန်းစိန်နှင့်ဇနီး ဒေါ်သန္တာအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၅။ | ဦးမော်အေးနှင့်ဇနီး ဒေါ်သန်းသန်းရွှေ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၆။ | ဦးတင်မောင်ဆွေအားရည်စူး၍ (ဇနီး)ဒေါ်ခင်သန်းနွဲ့၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၇။ | ဦးရွှေဌေးနှင့်ဇနီး ဒေါ်ခင်ဆုရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၈။ | ဆရာလေးဒေါ်စန္ဒာသီရိ၏ကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၁၉။ | မိတ်သစ်ဆန်စက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၀။ | ကွယ်လွန်သွားသောနှစ်ဖက်မိဘများနှင့် (အစ်မ)ဒေါ်စန်းသွင်၊ ဒေါ်အုန်းကြည်၊ ဒေါ်စန်းထွေး၊ (ဇနီး) ဒေါ်သန်းသန်းတိုးတို့အားရည်စူး၍ (ခင်ပွန်း) ဦးမောင်တင့်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၁။ | ဦးရဲလင်းထိုက်နှင့်ဇနီး ဒေါက်တာမိုးမိုး၊ (သား)မောင်ဇေယံလင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၂။ | ဗိုလ်ချုပ်ဇော်လွင်ဦးနှင့်ဇနီး ဒေါ်ယုယုလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၃။ | ကျေးဇူးရှင် မိခင်၊ ဖခင်တို့အားရည်စူး၍ ဦးသန်းထွန်းဦးနှင့်ဇနီး ဒေါက်တာဒေါ်သောင်းတင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၄။ | ဦးအေးနှင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၄၂၅။ | ဦးထွန်းထွန်းနှင့်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၄၂၆။ | ကျေးဇူးရှင်မိဘနှစ်ပါးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၄၂၇။ | မောင်ကောင်းဝေယံဖြိုးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၆၄၂၈။ | ဦးသန်းနွဲ့နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၂၉။ | ဒေါ်ခင်မူနှင့်ဒေါ်ခင်ပွားတို့၏ကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၀။ | ဒေါ်ရီရီခင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၁။ | ဒေါ်ခင်မာတုတ် (နေလသစ်သီးပွဲရုံ) မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်းတိုးအားရည်စူး၍ ဦးမောင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၃။ | မိခင်ကြီး ဒေါ်နီနီနွယ်၊ ဦးတင်အောင်လတ်နှင့်ဇနီး ဒေါ်အေးအေးမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၄။ | ဦးတိုးတိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၅။ | ဦးအောင်အောင်နှင့်ဇနီး ဒေါ်မော်ချိုထွန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၆။ | ဦးကြည်အေးနှင့်ဇနီး ဒေါ်ခင်ဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၇။ | ဦးကျော်သိန်းထွန်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၈။ | ဒေါ်ကြည်ကြည်ဝင်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၄၃၉။ | ဒေါ်ခင်ဆွေလွင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၀။ | ဦးစိုးမြင့်နိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၁။ | ဦးအောင်ဝင်းဦး(ပဲခူးတိုင်းလူမှုရေးဝန်ကြီး)နှင့်ဇနီး ဒေါ်နီလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၂။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်မြင့်မြင့်ဌေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၃။ | ဦးသိန်းဌေးနှင့်ဇနီး ဒေါ်စီဇာအောင်၊ (သား) မောင်ဥတ္တမင်းခန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၄။ | ကိုဌေးနိုင်ဦးနှင့်ဇနီး မနှင်းပွင့်ဖြူ၊ (သားများဖြစ်ကြသော) မောင်မင်းထွန်းနိုင်၊ မောင်မင်းခန့်နိုင်၊ မောင်မင်းခန့်ပိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၅။ | ဦးအောင်ကျော်မင်းနှင့်ဇနီး ဒေါ်အေးအေးသိန်း၊ (သမီး) မခိုင်လဲ့ရည်ဝင်း၊ (သား)မောင်ထက်ဝေဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၆။ | ဦးသက်ထူးမောင်နှင့်ဇနီး ဒေါ်သစ်သစ်စိုးစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၇။ | ဦးကျော်မျိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၈။ | ကွယ်လွန်သူ ဒေါ်စိန်မြိုင်(ခ)ဒေါ်ပြုံးအားရည်စူး၍ ဦးဇော်မြင့်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၄၉။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်ထားထားမြင့်၊ (သမီး) မအိန္ဒြာချမ်းမြေ့မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၀။ | ဦးမင်းလွင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၁။ | ကွယ်လွန်သူ ဦးအောင်သန်းအားရည်စူး၍ (ဇနီး) ဒေါ်ခင်ခင်သန်းကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၂။ | ဦးတင်အောင်စိုးနှင့်ဇနီး ဒေါ်ဝင်းဝင်းမော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၃။ | ဦးစိုးထွန်းအောင်နှင့်ဇနီး မစန္ဒာဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၄။ | ဦးသန်းကြွယ်နှင့်ဇနီး ဒေါ်မာလာ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၅၅။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ချိုချိုမြင့်၊ (သား) မောင်ဇာနည်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၊၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည် အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလို ရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/ အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း (အမျိုးသား/ အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် (အဆို/အက) (အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည် အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ် ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေး ခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ ထောက်ခံစာမရပါ)။
(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ် ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရ မည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ဖြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ် ရမည်။
(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဈ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည် အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည် သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိ ကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆို နိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရ မည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်း သို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည် ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များ တွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှော်ဘီ၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။ (ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၃၀၄၀၁၊ ၀၉-၆၉၁၇၅၅၅၅၇)
(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၃-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)
(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၃-၄၀၀၀၅၊ ၀၉-၆၈၄၆၇၃၃၃၂)
(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၃-၃၆၁၀၀၊ ၀၉-၆၉၁၂၄၉၁၂၃)
(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၀၆၊ ၀၉-၆၉၇၂၈၇၈၅၅)
(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ချောင်းဆုံ၊ မော်လမြိုင်မြို့။ (ဖုန်း ၀၉-၃၉၁၀၆၅၆၊ ၀၉-၆၇၈၉၂၆၁၀၀)
(ဈ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇၈၆၅၂၀၀၆)
(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆၈၆၃၉၆၀၈၇)
(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၉၊ ၀၉-၆၉၃၂၄၂၆၈၁)
(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၀၂၅၊ ၀၉-၆၇၈၈၄၂၁၁၁)
(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁၄၀၊ ၀၉-၆၉၅၇၅၈၁၄၉)
(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁၈၇၈၊ ၀၉-၄၀၁၅၅၄၂၈၇)
(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွာတော်၊ နေပြည်တော်။ (ဖုန်း ၀၃၂-၃၀၃၅၃၊ ၀၉-၆၉၁၃၈၄၄၀၀)
(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃၈၆၆၆၊ ၀၉-၉၅၉၇၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက် အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါ သည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင် အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပဏာမလူတွေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား (တောင်ညို) နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာ တင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မှော်ဘီ) ရန်ကုန် (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော် (ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉၄၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါ သည်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၇၄၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၅၇၄၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၅၇၄၉ ဧက လျာထား၍ ယခုနှစ် မေလ တတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးသီးနှံစုံ ၅၇၄၉ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါမိုးသီးနှံစုံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံ တောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်း အပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးနေပါ တယ်။ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံ ဧက ၅၇၀၀ ကျော်ထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ မိုးသီးနှံတွေလျာထားတဲ့ ဧကအတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါ တယ်။ လက်ရှိလျာထားချက်အတိုင်း မိုး သီးနှံစုံ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ အခုနှစ် မိုးသီးနှံတွေထဲမှာ စားဖိုဆောင် သီးနှံတွေ အများဆုံးစိုက်ပျိုးထားပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူ တွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက် နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့သီးနှံတွေကို အဓိက စိုက်ပျိုးထားပါတယ်"ဟု မြို့နယ် ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ စိုက်ပျိုးပြီးစီးမှု အနေဖြင့် စားဖိုဆောင်သီးနှံ ၂၃၉၆ ဧက၊ ပိန်းဥ ၂၉၄ ဧက၊ ပန်းအမျိုးမျိုး ၇၅ ဧက၊ ပီလောပီနံ ၈၉၃ ဧက၊ ကွမ်း ၈၈၊ နနွင်း ၄၂ ဧက၊ ငရုတ် ၆၄ ဧက၊ ပဲစင်းငုံ ၂၀၅ ဧက၊ ကြံ ၉၃ ဧက၊ ဖူးစားပြောင်း ၇၅၆ ဧက၊ မိုးမြေပဲ ဧက ၇၁၀၊ နှမ်း ၁၃၃ဧက စုစုပေါင်း မိုးသီးနှံစုံ ၅၇၄၉ ဧကဖြစ် ကြောင်း သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ များအားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေ ရေး၊ အထွက်နှုန်းကောင်းမွန်တိုးတက်လာ စေရေး၊ ဓာတ်မြေဩဇာများ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်စေရေး၊ ဓာတုပိုးသတ် ဆေးများကို လျှော့ချသုံးစွဲတတ်စေရေး၊ တောင်သူများကိုယ်တိုင် သဘာဝပိုးသတ် ဆေးများ ပြုလုပ်သုံးစွဲနိုင်စေရေး စသည့် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**







## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲ အ. ထ. က Grade-12 မှ မဖြိုးနိုနိုဟန် နှင့် မဖြိုးမိုမိုဟန် တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆံပို ဖြစ်ပါကြောင်း။

**ဦးဆံပို (၁၃/ရစန(နိုင်)၀၁၃၄၃၀)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မတ္တရာမြို့နယ်၊အခြေခံပညာမူလတန်းလွန်ကျောင်း(ကံပိုင်)တွင် ဒုတိယမူလတန်းပြဆရာဝန်ထမ်းဆောင်နေသော ဒေါ်ရွှေစင်ထွန်း ၏ဖခင်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်နှင့်အမှုထမ်းစာအုပ်ပါ ဦးထွန်းထွန်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးထွန်းထွန်းနိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း(ခ)ဦးထွန်းထွန်းနိုင်(၉/ပသက(နိုင်)၀၈၆၉၅၅)**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/ခ) အကွက်အမည် ဈေးကလေးကွင်း၊ ဦးပိုင်အမှတ်(၁၉/က)ဧရိယာ (၀. ၁၃၅)ဧက ရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၂၀ |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-၁၉/ခ |
| (ဂ) | တောင်လားသော် | - | လမ်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်-၁၆/ဃ-၁ |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်မေစပါယ်ဆွေ** မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁၃)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ မောင်ရဲဝေအောင်(ဘ) ဦးသိန်းအောင်(၅/ကနန(နိုင်)၁၄၄၂၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-779515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၁၄၃၃၃၂၀၀

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မစန္ဒာမြင့်(ဘ)ဦးထိန်ဝင်း (၅/ယမပ(နိုင်)၁၃၃၈၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-425787)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၉၁၆၅၁၅၅

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မောင်ကိုသိုင်း(ဘ)ဦးစံနေကျော် (၅/ယမပ(နိုင်)၁၃၂၃၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-246467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၂၄၄၂၇၉၇

## အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ STI Myanmar University Mandalay Compus တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲမြတ်သူ (၉/အမဇ(နိုင်)၀၁၃၅၄၈) ၏သမီး မမေမြတ်နိုးချစ် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မမိုးထက်ထွဋ်မြတ် ဖြစ်ပါကြောင်း။ **မမိုးထက်ထွဋ်မြတ်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျဉာဏ်ီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှရရှိနိုင်သည်ကို အလေးအနက်သတိမူကြရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ပြည်တွင်းသို့ ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် **Grand Sirius Co.,Ltd.** က တင်သွင်းလာသော **NETA U** အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် **Myanmar Arr Thit Man Motor Co.,Ltd.**က တင်သွင်းလာသော **YADEA** အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းတို့ကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခန်းပြည်နယ်ကို ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

